
စိတ်ကူးချိုချိုအနုပညာ



ပီ – မိုးနှင်း

# တက်လူကွ

mgyoe.com

mgyoe.com

ပီ – မိုးနှင်း

# တက်လူကွ



PMN0031

mgyoe.com

1,300.00 KS

တက်လူကွ
ပီ-မိုးနှင်း

mgyoe.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၈၄၁ ၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၉၇၄ ၀၈၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| | | |
| မျက်နှာဖုံးပန်းချီ | - | အောင်ကျော် |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုမြင့်၊ ညီဝင်းမြင့် |

၈၉၅ . ၈၃

ပီ-မိုးနှင်း
တက်လူကွ / ပီ-မိုးနှင်း ။ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၁။
စာမျက်နှာ ၁၃၂ မျက်နှာ၊
၁၂.၅ စင်တီx ၁၈.၅ စင်တီ
(၁) တက်လူကွ

၂၀၁၂၊ ဒုတိယအကြိမ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၃၀၀ ကျပ်

mgyoe.com

mgyoe.com

# အခန်း (၁)

တို ...ဟူး ဟူသော အသံသည် သန်မာကြီးမားသော ရင်အုပ်ထဲမှ စိန် အမြောက် ပစ်ဖောက်သည့်အလား ထွက်ပေါ်၍လာရာ တိတ်ဆိတ်သော မွန်းလွဲအချိန်၏ မှေးစက်ခြင်းကို ငေါက်ခနဲထောင်၍ ထစေ၏။

ရှေဟူး ...လုံးအ ဟု သာယာစွာ ငွေမောင်းသံကလေးပမာ မြည်သော အသံကလေးကို၊ တိုဟူးသည်ကြားသဖြင့် အံ့အားသင့်စွာ မော်၍ကြည့်လိုက် ရာ မျက်လုံး၊ မျက်ဖန်၊ နှာတံ၊ မျက်ခုံးတို့၏ တင့်တယ်သော အချိုးအစား ဖြင့်ပြီးသောလှပသော မျက်နှာဝင်းဝင်းကလေးကို ထင်းခနဲ မြင်ရသော နေရာကား ကန်တိုမင်ရပ်ကွက် သားနားသော တိုက်ခံအိမ်တစ်အိမ်၏ အောက်ထပ် အိမ်ရှေ့ခန်း ဖြစ်လေ၏။

ထိုမိန်းမပျိုမှာ အလွန်ဆုံး အသက် နှစ်ဆယ်ထက်မကြီး သွက်လက် ထက်မြက် ရွှင်ပျသဖြင့် ကြည်လင်အေးမြသော စမ်းရေ ယဉ်တွင် နေရောင် ခြည်ကို မြင်ရသလို ဖြစ်၍သွားသူကား တိုဟူးသည် ကိုယ်တိုင်ပင်တည်း။

ရွှန်းရွှန်းပြက်ပြက် ခေါ်သော်လည်း ကလက်ပုံမရ။ ချစ်ဖွယ်ကောင်းလှ သော ဝါဝင်းသည့် ထိုမျက်နှာကလေးကို တိုဟူးသည်သည် တစ်အောင့်မျှ ငေးစိုက်ကြည့်ရင်း အထမ်းကိုမချဘဲ ရပ်၍နေလေ၏။

mgyoe.com

mgyoe.com



ထိုခဏအတွင်းမှာပင် အိပ်မက်ထဲမှာ မြင်ဖူးသလို၊ ရှေးဘဝက ကြင်ဖူးသလို။ ဆွေမျိုးဉာတိ တော်စပ်သလို။ ရင်းနှီးခင်မင်ခြင်း၏ အငွေ့အသက်တစ်မျိုးသည် တိုဟူးသည်၏ ရင်ထဲ၌ အလိုလို နိုး၍လာလေ၏။ ရွှန်းပြက်ပြက် အမူအရာကလေးကြောင့်ပေလား မသိရပေ။

၎င်းမိန်းမပျိုနှင့်အတူ ဂျိုကာဆွဲ၍နေဟန်တူသော မိန်းမသုံးယောက်လည်းရှိရာ ထိုသုံးယောက်အနက် လုံးကြီးပေါက်လှ ဖြူဖြူဝဝ မိန်းမတစ်ယောက်သည် လက်ထဲ၌ ဖဲချပ်များကို ကိုင်ထောင်ရင်း တိုဟူးသည်ကို စိုက်ကာကြည့်၍ နေလေ၏။ တိုဟူးသည်သည်ကား ၎င်းကို တစ်ချက်သာ ကြည့်ပြီး ပြုံးရွှင်သော ပထမမျက်နှာကလေးကိုသာ အာရုံစိုက်လျက် ခေါ်သလားခင်ဗျာဟု မေးလေ၏။

"ခေါ်ပါတယ်ရှင်. လာပါဦး"

တိုဟူးသည်သည် အထမ်းကိုချပြီး ပန်းကန်ပြားများကို ဖြူစင်သန့်ရှင်းသော အဝတ်နှင့်သုတ်ပြီး တိုဟူးကို လှီးမည်အပြုမှာ မိန်းမပျိုက "နှစ်ပြားဖိုးစီ လေးခွက်။ အမယ် ...တိုဟူးသည်က နှုတ်ခမ်းမွေးကြင်စွယ်နဲ့ ပါနဲ့"ဟု ပြောလေ၏။

"စိုက်ထားတာတော့ မဟုတ်ပါဘူး ခင်ဗျာ၊ သူ့ဘာသာသူ ပေါက်တာပါ။ နို့ တိုဟူးသည်လည်း နှုတ်ခမ်းနဲ့ကိုးဗျာ့"ဟု ပြောရင်း ပြင်လေ၏။

လုံးကြီးပေါက်လှသည်ကား တိုဟူးသည်၏ ခါး၊ ရင်၊ တင်ပါး အချိုးအစား ခန့်ညားပုံကို ကြည့်လေသလားမသိရ။ စဉ်းစားသလို ကြည့်၍နေလေ၏။ မိန်းမပျိုသည်ကား တိုဟူးသည်၏ လက်ချောင်းရှည်များ၏ ကိုင်တွယ်လှုပ်ရှားပုံကို ကြည့်၍နေလေ၏။

ထိုကဲ့သို့သော လက်ချောင်းရှည်များနှင့် ထိုကဲ့သို့သော တိုဟူးသည်မျိုးကို အဘယ်သူလျှင်ကြည့်ကာ မစဉ်းစားဘဲ နေနိုင်ပါမည်နည်း။

mgyoe.com

mgyoe.com



တိုဟူးသည်သည် တိုဟူးပန်းကန်များကို သွား၍ပေးရာ လုံးကြီးပေါက်လှက အပေါ်ရှိ မိန်းမအား ဘာကိုပြောမှန်းမသိ တိုးတိုးပြောပြီး ရယ်လေ၏။ တိုဟူးပန်းကန်နှစ်ချပ်ကို ခေါ်သော မိန်းမပျိုကပင် ယူလေရာ တိုဟူးသည်နှင့် လက်ချောင်းချင်း ထိမိလေ၏။ တိုဟူးသည်၏ စိတ်၌ကား၊ မိန်းမပျို၏လက်ချောင်းများမှာ တန်ခိုးသတ္တိဓာတ် အရှိန်တစ်မျိုး ရှိသည်ဟု မှတ်ထင်လိုက်လေ၏။ မိန်းမပျိုကား တိုဟူးသည်ကို များစွာဂရုစိုက်ဟန် မရှိတော့ပေ။

တိုဟူးကိုစားကြရာ၌ "ဒီတိုဟူးက တစ်မျိုးပါလား။ ကောင်းကကောင်းနဲ့"ဟု တစ်ယောက်ကပြောလေရာ နှစ်ခြိုက်စွာ စားနေသော မိန်းမတစ်ယောက်က "ဟုတ်တယ်နော် တစ်မျိုးပဲ"ဟု ထောက်ခံလေ၏။ "တိုဟူးသည်ကလည်း တစ်မျိုးကိုး"ဟု လုံးကြီးပေါက်လှက ပြောလေ၏။

ထို့နောက် လေးပန်းကန်ထပ်၍ မှာကြပြန်လေ၏။ တိုဟူးသည်မှာ တစ်နေ့ရာတည်း တစ်မတ်ဖိုး ရောင်းရသဖြင့် အတော်ကျေနပ်ပုံရလေ၏။

တိုဟူးသည်သည် နောက်တစ်နေ့လာပြန်လေရာ မိန်းမများကိုလည်းကောင်း၊ မိန်းမပျိုကလေးကိုလည်းကောင်း မတွေ့ရ။ လုံးကြီးပေါက်လှ မိန်းမကိုသာ တွေ့ရသဖြင့် နှစ်ပြားဖိုး ရောင်းခဲ့ရလေ၏။

တိုဟူးသည်သည် မနေ့ကခေါ်သော မိန်းမပျို၏အကြောင်းကို မေးချင်သော်လည်း စကားစ မရသည့်အတွက် မမေးဘဲနေရလေ၏။တိုဟူးသည်၏ မျက်လုံးထဲမှ မိန်းမပျိုသည် မထွက်တော့ပေ။ ရုပါရုံသည် ၎င်း၏မျက်လုံး၌ အတည်တကျ အခြေစိုက်မိလေတော့သတည်း။ သို့ဖြစ်လေရာ တိုဟူးသည် ဘဝမှ အထည်သည်ဘဝသို့ ရောက်အောင် ကြိုးစားရလေတော့ သတည်း။

တိုဟူးဝယ်၍ စားဖူးသူ လုံးကြီးပေါက်လှကို ထိုအိမ်၌ အမြဲမြင်ရသော မိန်းမသည် ဘလေဇာကွတ်နှင့် ဦးထုပ်ကိုဆောင်းကာ မန္တလေး

mgyoe.com

mgyoe.com



လုံချည်ကိုဝတ်သည့် အထည်သည်ကလေး၏ သဏ္ဍာန်၌ တိုဟူးရုပ်ကို သတိမထားမိဘဲ နေလေ၏။ ၎င်း၏နောက်၌ အထည်သေတ္တာကိုရွက်သော ကုလီကုလား ပါရှိလေ၏။

တစ်နေ့တစ်၌ကား။ မိမိ၏မျက်လုံးထဲမှ မထွက်သော မိန်းမပျို၏ အကြောင်း အစအန ကြားသိရလေမလားဟု အောက်မေ့ကာ ထိုအိမ်ထဲသို့ အရဲစွန့်ပြီး ဝင်၍သွားလေရာ အိမ်ရှင်မိန်းမနှင့်ရင်ဆိုင်တွေ့လေ၏။ မိန်းမက ၎င်းကိုကြည့်ကာ ရီးတီးရားတားဖြစ်၍နေလေရာ ဘိုးကွန်းက "မမ ကျွန်တော့် ကို မမှတ်မိဘူးထင်ပါရဲ့"ဟု ပြုံးလျက်ပြောလေ၏။ ထိုမိန်းမမှာ ၎င်း၏အစ်မ အရွယ်ပင်ဖြစ်လေ၏။

"ရီးတီးရားတားပဲ။ သြော် ...ဟိုအရင်တစ်ခါ တိုဟူး"ဟု စကားတစ် ပိုင်းပစ်ပြောပြီး ပြုံးလေ၏။

"ဟုတ်ပါတယ်။ အခုတော့ အထည်ရောင်းပါတယ်။ ဒီလိုပဲ မမရယ် လူဆိုတာ တစ်ဆင့်ကတစ်ဆင့် ကြံရတာဘဲ။ မမတို့နဲ့ တော်တဲ့အထည်တွေ အမျိုးမျိုးပါလို့ ပြရအောင် တမင်လာပါတယ်"ဟု ပြောကာ ကုလား၏ ခေါင်းပေါ်မှ သေတ္တာကိုချပြီး ဖွင့်စပြလေ၏။

အထည်များကို မြင်ရသောအခါ "တယ်ပြီး အတိုးမြန်ပါကလား မောင်ရယ်။ တိုဟူးက ဘယ်လောက်တောင်ရလို့ သည်လိုအထည်တွေကို ဝယ်နိုင် ရောင်းနိုင်တာလဲ"

"မြေစမ်း ခရမ်းပျိုးတာပါပဲမမရဲ့။ ပထမတော့ ရန်ကုန်မြို့အကြောင်း နားမလည် လမ်းပန်းမသိသေး။ ရင်းဖို့နှီးဖို့ ပါလာတဲ့ငွေကြေး ကလေးများ လည်း မကုန်အောင် ရန်ကုန်မြို့မှာလည်း လမ်းပန်းစုံစမ်းရင်း နေနိုင်အောင် ဆိုတာလို၊ အနိမ့်ဆုံးအလုပ်ကို လုပ်ရပါတယ်။ အနိမ့်ဆုံးအလုပ် လုပ်တော့ အနေလည်း နိမ့်တာပေါ့မမရဲ့၊ အနေနိမ့်တော့ အကုန်လည်း နည်းတာပေါ့"

mgyoe.com

mgyoe.com



"သည်လိုဖြင့် မောင်က တခြားမြို့ကပေါ့"

"မှန်ပါတယ်။ တောကပါပဲ။

ဘယ်မြို့ကလဲဟုပြောရင်း ထိုင်ကာ အထည်များကို ကိုင်ကြည့်စပြုလေ၏။

"ကျွန်တော် သရက်မြို့ကပါ။ မိဘမရှိ၊ ဆွေမျိုးကလည်း ပါးရှား၊ မြို့သိမ်၊ မြို့ငယ်မှာ ကြီးပွားလမ်း မမြင်သည့်အတွက် ကူလီဆင်းရဲသား ဘဝ လုပ်ကိုင်စုဆောင်းပြီးရတဲ့ ငွေကြေးကလေးနဲ့ မြို့ကြီးကိုစွန့်လာပြီး တိုးရတာပါ မမရဲ့"

ဘိုးကွန်းသည် ရုပ်ရည်ခံ့ညား စကားချေင်လျက် အထူးသဖြင့် မိန်းမကြီးများ သနားအောင် ပြောတတ်သူဖြစ်ရာ အိမ်ရှင်မိန်းမသည် အထည်ထက် ၎င်း၏မျက်နှာကို ကြင်နာသော မျက်လုံးများနှင့် မကြာမကြာ ကြည့်လေ၏။

ဘိုးကွန်းသည် အိမ်၏ဆိတ်ငြိမ်ပုံကို ကြည့်ကာ ဤမိန်းမသည် အိမ်ရှင်ပင်ဖြစ်လေသလား သို့တည်းမဟုတ် အိမ်ရှင်၏ဆွေမျိုးလား၊ သမီး အပျိုကြီးများလားဟု တွေးပြီး "အရင် တိုဟူး ရောင်းလာတုန်းကတော့ သည်အိမ်မှာ လူစည်ပါတယ်။ ဝယ်ခြမ်းနိုင်သူတွေတော့ များတာပဲလို့ အောက်မေ့ပြီး ကျွန်တော် ဝင်လာတာပဲ။ အခုတော့ အစ်မတစ်ယောက်တည်း လိုပါလား"

"ဟုတ်ကဲ့ သားအဖနှစ်ယောက်နဲ့ အခိုင်းအစေကလေးတစ်ယောက် နှစ်ယောက်ပါပဲ။"

"နို့ ဟိုအရင်မိန်းမတွေက ဘယ်မှာနေပါသလဲခင်ဗျား၊ ကျွန်တော် အထည်ပြချင်လို့ပါ။ လုံးအာလို့ ကျွန်တော့်ကိုခေါ်တဲ့ မဟိုဒင်းကလေးတို့နဲ့ တော်မယ့်အထည်တွေ ပါတယ် အစ်မရဲ့။ ဟောဒါတွေ အခု နောက်ဆုံး

mgyoe.com

mgyoe.com



ရောက်လာတာပဲ။ မြန်မာပြည်ဖြစ် မန္တလေးတို့၊ ဘန်ကောက်တို့ သယ်တာပေါ့ အစ်မရယ်။ အဖိုး ကြည့်လိုက်ပါဦး။ ဟောဒါမှ ငါးကျပ်၊ အစိတ် နှစ်ဆယ်တန်အစစ်တွေနဲ့ မခြားပါဘူး။ အစိတ် နှစ်ဆယ်တန်အစစ်များလို ရှိရှိသေသေဝတ်ရင်လည်း အတူတူခံတာပါပဲ။ အပေါစားဆိုပြီး တေပစ်ရင်တော့လည်း ဟောင်းနွမ်း ပျက်စီးလွယ်တာပေါ့။ အစိတ် သုံးဆယ်တန်လည်း အရမ်းဝတ်ကြည့်ရင် သွားတာပါပဲ"

"ဟုတ်ကဲ့နော်။ ကုလားများ တယ်ဟုတ်ပါလား။ နို့ပေမဲ့ကွယ် မင့်ဟာ ဈေးကြီးလှတယ်။ ငါးကျပ်ဆိုတော့ များတာပေါ့ကွယ့်။ တစ်နေ့က ဈေးမှာ တွေ့ခဲ့တယ်၊ နှစ်ကျပ်ခွဲတဲ့"

"ဒါတော့ အစားစားရှိပါတယ်။ နှစ်ကျပ်ခွဲဆိုတာလည်း ပါပါတယ်။ ဟောသည်မှာ ကြည့်ပါ အစ်မရဲ့"ဟု ပြောကာ ဘန်ကောက်အတု အစားစားကို ယှဉ်၍ပြလေ၏။ "မန္တလေးဆင်တွေလည်း သည်လိုပဲ အစားစား ရှိပါတယ်။ ဒါထက် မလုံးကိုများ တွေ့ရရင် အစ်မရယ်"ဟုပြောကာ ရယ်ပြီး "ဟောသည်ဇာတွေကို ပြချင်လိုက်တာ"

"ဩော် ခင်မေလား၊ သည်က ညီမတော်ကလေးပါ။ သူလာတတ်ပါတယ်။ ဒါထက် မင်းဇာတွေက ရိုးတယ်ကွယ့်၊ သည့်ထက် ဆန်းဆန်းကလေးတွေများ ရရင်ဝယ်မှာပေါ့။ ဇာတော့ သူကြိုက်တတ်တယ်။ အစ်မတို့လည်း အကြိုက်ပဲ။ အင်္ကျီမှာတပ်ဖို့ အဆန်းဆုံး ဇာကို ရရင်ယူခဲ့"ဟုပြောပြီး ထွက်ခဲ့လေ၏။

မရောင်းရသောကြောင့် စိတ်မပျက်ပေ။ ခင်မေနှင့်တော့ သည်အိမ်မှာ တစ်နေ့ တွေ့ရဦးမှာပဲဟု တွေးကာ စိတ်ထဲတွင် လုံးအာ လုံးအာဟူ၍ ဆိုလျက် သွားရှာလေတော့သတည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၂)

နောက်တစ်နေ့ ဆိုင်များ၌ အဆန်းဆုံးသောဇာများကို ရအောင်ရှာပြီး လုံးအာ လုံးအာ လုံးအာ ဟူ၍သာဆိုလျက် အထည်ရောင်းထွက်ပြန်လေ၏။

ဘိုးကွန်းသည် ရန်ကုန်မြို့သို့ ကြီးပွားရန် လာသူဖြစ်၏။ မိန်းမရှာရန် လာသူမဟုတ်ပေ။ အဘယ်မိန်းမကိုမျှလည်း ဂရုမစိုက်ခဲ့ပေ။ ယခုမှာကား ခင်မေဆိုသူကလေးနှင့် တွေ့ရမှ စွဲလမ်း၍နေသည်မှာ အဘယ်သို့ဖြစ်ခြင်းပါနည်းဟု ဆင်ခြင်ကာ ဖျောက်ဖျက်ရန် ကြိုးစားလေ၏။ သို့ပင်ကြိုးစားသော်လည်း မရပေ။ တိုဟူးသည်ဘဝမှ အထည်သည်ဘဝသို့ရောက်အောင် မိမိကိုယ်ကို မြှင့်လိုက်ခြင်းသည်လည်း ခင်မေကလေးအတွက်ဖြစ်လေ၏။

တိုဟူးသည်အဖြစ်နှင့် ဤလို အထက်တန်းကျသော အချောအနိပ်ကလေးကို အဘယ်နည်းနှင့်မျှ ချိန်ရွယ်၍ ဖြစ်မည်မဟုတ်။ မကြာမကြာ သူနှင့် တွေ့နိုင်၍ တိုဟူးထက် သားနားသောအလုပ်ကား အဘယ်အလုပ်ရှိသည်ဟု စူးစိုက်သော စိတ်အစွမ်းနှင့် မနေမနား လိုက်လံရှာကြံစုံစမ်းရာ

mgyoe.com

mgyoe.com



"မေးဖန်များစကားရ သွားဖန်များခရီးရောက်"ဟူသော စကားလို လက်ကားအထည်ကုန်သည် ကုလားသူဌေးတိုက်မှာ အလုပ်လုပ်သော စာရေးတစ်ယောက်နှင့် အကြောင်းအပေါင်းသင့်အောင် မိမိက စတင်အကုန်ခံ၍ မိတ်ဖွဲ့လေ၏။

မိတ်ဖွဲ့ပုံမှာ လက်ကားအထည်ဆိုင်ကြီးမှ ညနေတိုင်း အလုပ်မှအိမ်ကိုပြန်သော စာရေးကြီးတစ်ယောက်ကို နောက်ယောင်ခံ၍လိုက်ရာ အရက်ဆိုင်တစ်ဆိုင်သို့ ရောက်၍သွားလေ၏။ အရက်သမားများကိုအသိဖွဲ့ရန် လွန်စွာလွယ်ကူလေ၏။ အရက်ဆိုင်၌ ဘီယာတစ်လုံးလောက် ဒကာခံဖို့သာလိုလေ၏။

ထိုနောက် အရက်ဆိုင်မှ စောင့်ဖို့သာ လိုလေတော့၏။ ဤနည်းဖြင့်အကျွမ်းတဝင်ဖြစ်၍လာရာ အထည်များကို အနည်းငယ်မျှ အကြွေးရစပြုလေ၏။ ထို့နောက် ၂ ကြိမ် ၃ ကြိမ် မှန်မှန်ပြန်၍ ရှင်းသောအခါ ယုံကြည်၍လာသဖြင့် ရောင်းနိုင်သလောက်ရလေ၏။ သို့ဖြစ်လေရာ ခင်မေတည်းဟူသော လုံးအာ၏ အစွမ်းကြောင့် ကြီးပွားလမ်း တစ်ထစ်တိုးခြင်း ဖြစ်လေ၏။

ဒုတိယအကြိမ် ဇာအဆန်းများနှင့်ရောက်၍ သွားသောအခါ ခင်မေသည် အသင့်စောင့်၍နေသကဲ့သို့ ဆီး၍ပြုံးပြီး "ကိုလုံးအာ အထည်သည်ဖြစ်မှကိုး။ ကျွန်မ ယုံတောင် မယုံဘူး။ တိုဟူးသည်ဆိုတာ အညာက။ ဘယ့်နှယ် အထည်သည် ဖြစ်ရသလဲလို့တောင် ကျွန်မက အစ်မကြီးကိုပြောနေသေးတယ်"

"မလှစော... ညည်းကို သူက မလုံးအာတဲ့။ အခု ညည်းက သူ့ကို ကိုလုံးအာလို့ ခေါ်သလား"

"ကျွန်မကိုလား။ မလုံးအာတဲ့လား"

mgyoe.com

mgyoe.com



"နို့ ညည်းကဘာပြုလို့ သူ့ကို လုံးအာလို့ခေါ်သလဲ"

"မသိပါဘူး။ ကျွန်မပါးစပ်က ဘယ်လိုထွက်သွားသလဲ မပြောတတ်ပါဘူး။ ကြံကြံစည်စည် ပြစမ်း။ ရှင့်မှာ ဇာအဆန်းတွေ ပါမယ်ဆို၊ ပါရဲ့လား"

"ပါပါတယ်ဗျာ။ စပယ်ရှယ်ရှာပြီး ဘယ်မှာမှ မရောင်းဘဲ ယူလာပါတယ်" ဟု ပြော၍ပြလေ၏။

ဇာများကိုကိုင်ပြရာ ရှည်သော ဇာလိပ်ကြီးကို ခင်မေကဖြန့်ပြီး "ရှင့်ဟာရှင် တောင်စမ်းပါဦး။ ကိုက်တောင် ယောကျ်ားမှ ပေမီ၊ ကိုက်မီ"

"မလျှော့ပါဘူးဗျာ။ ကိုက်တောင် ပေကြိုးအကုန်ပါ ပါတယ်"

ဇာကိုယူပြီးနောက် အထည်များကိုပြပြန်ရာ ဝိုင်သားဆိုလား ရှန်သားဆိုလားဖြတ်ရာ၌ ခင်မေကကိုင်၍ပေးရာ ဘိုးကွန်းက ကပ်ကျေးကြီးနှင့်ထိုးညှပ်၏။ သို့သော်လည်း ချောမောစွာညှပ်၍ မဖြစ်ပေ။ အကြောင်းမူကား အထည်သည်သက် မကြာသေးသူဖြစ်သောကြောင့်တည်း။

ခင် ။ ။"ဒါဝိုင်သားတော့ တိုဟူး မဟုတ်ဘူး။ လာလာ ကျွန်မညှပ်မယ်။ ဘယ်လိုအထည်သည်များနဲ့ တွေ့ရပါလိမ့်မလဲ မသိပါဘူး။ ဒါထက်နေပါဦး တိုဟူးရောင်းရာက ဘယ်နည်းဘယ်ပုံ မျက်စိလည် လမ်းမှားချောက်ကမ်းပါးကျလို့ အထည်သည် ဖြစ်လာရတာတုန်း။ သခင်္ါရသဘောတရား ထင်ပါရဲ့နော်။ ရှင် တော်တော်မြန်တဲ့သူပဲ"

ကွန်း ။ ။ "ဘာမြန်တာလဲ တူမရယ်"

ခင် ။ ။ "အမယ်တူမတဲ့ ရှင့်အသက် ဘယ်လောက်ကြီးသလဲ" ဟု ခင်မေက ရယ်လျက်ပြောလေ၏။

ခင်မေသည် ကလက်သူ နန့်သူမဟုတ်။ မိဘများ၏ တစ်ဦးတည်းသော သမီးဖြစ်ရာ အလိုလိုက်သဖြင့် ဆိုးခြင်းက တစ်ရပ်။ ပျော်ပျော်ရွှင်ရွှင်

mgyoe.com

mgyoe.com



ထင်ရာကို စွပ်ကာပြောတတ် ဆိုတတ်ခြင်းတစ်ရပ်၊ မိမိကြီး၍လာသည်ကို သတိမထားခြင်းတစ်ရပ်၊ ရိုးသားဖြူစင် ယောကျ်ားမြင်လျှင် မိန်းမတို့ ဓမ္မတာ မာယာလုပ်ရမှန်းမသိအောင် ရိုးသားဖြူစင်ခြင်းတစ်ရပ်။ ဤအရပ်များစွာတို့ကြောင့် ဤကဲ့သို့မထင် ငါ့ကို သူ တမင်သက်သက် ရည်ရွယ်ချက်နဲ့ နောက်တာပဲဟု ထင်မှတ်ကာ ပီတိသောမနဿ ဖြစ်၍နေလေ၏။

ဝယ်ပြီးသည့်နောက် ခင်မေက ဒရိုင်ဘာဟု ငွေမောင်းသံကလေးနှင့် ခေါ်လိုက်သော အခါကျမှ ဘိုးကွန်း၏ မျှော်လင့်ခြင်းမှာ လျှောကျ၍သွားလေ၏။

ရောက်၍လာသော ဒရိုင်ဘာကား မလှစော ဖခင်၏ဒရိုင်ဘာ ဖြစ်လေ၏။ မလှစောကပင် ကားကိုအထုတ်ခိုင်းလေ၏။ သို့လျက်နှင့်ပင် ကြိုက်ရာကို ထင်တတ်သော ဘိုးကွန်း၏စိတ်၌ ငါ့ကိုပါ ကားနဲ့ခေါ်ပြီး အခြားမိတ်ဆွေ တစ်ယောက်ယောက်အိမ်သို့ အထည်ပြသွားလေမလားဟု တွေးရှာလေ၏။

မကြာမီ ခင်မေသည် ကားနှင့်ထွက်၍သွားလေ၏။ သို့သော်လည်း ဘိုးကွန်း၏အထင်မှာ ဇာကိုချက်ချင်း တစ်ခုခုမှာ တပ်ဖို့သွားလေသလား။ ခင်မေ၏စိတ်ကြိုက် အင်္ကျီချုပ်ဆိုင် တစ်ခုခုသို့ သွားဖို့ရှိသောကြောင့် သွားခြင်းပေလားဟူသော အတွေးအထင် ဖြစ်လေ၏။ အကြောင်းမူကား လူတို့၏စိတ်၌ မျှော်လင့်ခြင်းတည်းဟူသော မီးတောက်ကလေးသည် အဘယ်သောအခါမျှ မငြိမ်းမပျောက်သော အရာဖြစ်သောကြောင့်တည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၃)

နောက်တနင်္ဂနွေ တစ်ပတ်လောက်ကြာ၍သွား၏။ ဘိုးကွန်းသည် ခင်မေကို ထင်မြင်လျက်သာ နေ၏။ မလှစော၏အိမ်သို့ လာချင်၏။ ခင်မေကို တွေ့ချင်၏။ သို့သော်လည်း မလှစောက မိမိအား ပိုးနေသည် ထင်မလားဟု တွေးခေါ်ရှက်ကြောက်ခြင်းကြောင့်တစ်ကြောင်း၊ အထည်အဆန်းအသစ် မရှိသေးသောကြောင့်တစ်ကြောင်း မရောက်ဘဲ နေလေ၏။

ဤအတွင်း၌ အလုပ်ကိုတိုး၍ ကြိုးစား၏။ ငွေကို၍ လွန်စွာလိုချင်၏။ ငွေကြေး အရင်းအနှီး လေးငါးရာရလျှင် ကိုယ်ပိုင် အလုပ်တစ်ခုခုကိုလုပ်ရန် အမြဲကြံစည်၏။ ခင်မေလို မိန်းကလေးမျိုးကို မိမှာမဟုတ်ဟူသော အတွေးပေါ်သည့်အခါတိုင်း "ဘိုးကွန်း နင် သူဌေးဖြစ်ချင်လွန်းလို့ ကျောင်းကထွက်ပြီး ရန်ကုန်ကို လာခဲ့သည်။ နင်သည် မမိသူကို မှန်း၍နေလေပြီ၊ မှန်းရင် မိအောင်ကြိုးစားမှ တော်မည်။ မိန်းမကိုရှောင်ရင် အိုအောင်မွဲမည်။ မိန်းမကို လိုချင်မှ ကြီးပွားမည်။ ကြီးပွားမှ နင်ကြိုက်ရာကို ရမည်။ ယောက်ျားဆိုတာ အပိုးကိုမလျှော့ရဘူး။ ဘိုးကွန်း နာနာပိုးရမည်။ လုံ့လဝီရိယနှင့် စူးစူးစိုက်စိုက် ထိထိရောက်ရောက် ပိုးရမည်။ ပိုးသူကို ရအောင် ဘယ်လို လုပ်ရမလဲ။ သူဌေးဖြစ်အောင် လုပ်၊ သူဌေးလည်းဖြစ် မိန်းမလည်းရ။

mgyoe.com

mgyoe.com



သည်လိုမှ ယောက်ျား မယားမယူဝံ့သူ သူရဲဘောနည်း၏။ မယား မယူဝံ့ရင် ဘိုးသူတော်လုပ်၊ ယောက်ျားမှာ အစွမ်းရှိ၏။ ကြက်မှာ အတက်၊ လူမှာ အစွမ်း။ ပိုးလည်းပိုး၊ တိုးလည်း တိုးရမည်။ တန်ဆောင်တိုင်ပွဲမှာ ဘုရားသွားပြီး တိုးနေလို့ မယားမရနိုင်၊ အလုပ်အကိုင် အခြေအနေတိုးမှ လုံးအာတို့လို အချောတမိကို သဘောရှိပိုင်မည်”ဟူသော ပုတီးကို စူးစိုက်စွာ စိပ်မိလေ၏။

ကြီးပွားတိုးတက်ဖို့ရန် အားသည် ဝီရိယနှင့် ချွေတာခြင်း ဖြစ်သည်ကို ဘိုးကွန်းသည် ပုံသေယုံကြည်၍ထား၏။ ဝီရိယထုတ်၍လုပ် ရသမျှလေးကိုစုမကြာမီ အထုပ်ဖြစ်မည်။ အထုပ်မဖြစ်မီ ထုတ်၍မပစ်နှင့် ဘောပွဲ၊ ရုပ်ရှင်ပွဲ ပျော်ရွှင်ပွဲတို့ကို အကုန်ကြည်၊ စုံလင်သူတွေ ငတ်ကြမည်ဟူသော အကြောင်းကို နဖူး၌ သံမှိုနှက်သလို စွဲမှတ်၍ထားလေ၏။

ယခင် ရန်ကုန်ကိုလာခဲ့ရခြင်းကား သူဌေးဖြစ်လိုသော စိတ်မှာ သာမန်လည်း ယခုအခါ ခင်မေကိုရရန်မှာ သူဌေးဖြစ်မှ အထက်တန်းရောက်မှ ခင်မေကို ပိုင်ဆိုင်နိုင်မည်ကို ယုံကြည်သဖြင့် သူဌေးဖြစ်လိုသောစိတ်မှာ ယခင်ကထက် အဆပေါင်းများစွာ ဒီဂရီတိုးတက် ထက်သန်လာသည့်အပြင် ကြီးပွားလိုသော နဂိုရှိရင်းစိတ်တည်းဟူသော မီးကို ခင်မေတည်းဟူသော လေတိုက်ခတ်လေရကား ဘိုးကွန်း၏ ကြီးပွားမှု သူဌေးဖြစ်မှု စိတ်များမှာ တစ်ကိုယ်လုံး လွှမ်းမိုးလျှပ်ရှား၍နေလေ၏။

ဘိုးကွန်းသည် သူဌေးဖြစ်လိုလှသဖြင့် သူဌေးဖြစ်ရာ ဖြစ်ကြောင်း နည်းကောင်း လမ်းပြစာအုပ်များကို ရန်ကုန်မြို့ ဆူးလေဘုရား စာအုပ်ဆိုင်သို့ သွားရောက်ရှာဖွေရာ အမျိုးသားကိုလယ်ဆိုင်သို့ ရောက်သွားလေ၏။

စာအုပ်ဆိုင် ဆိုင်ရှင် ကိုလယ်အား လူတို့၏တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း နည်းကောင်းလမ်းပြ စာအုပ်များ

mgyoe.com

mgyoe.com



ပါရှိသလောဟု မေးရာ ကိုလယ်က "ရှိပါသည် ခင်ဗျာ၊ ယောသည် စာအုပ်က ဆရာကြီး ဦးဘသူရေးတဲ့ "သူဌေးဖြစ်နည်း"စာအုပ်ပါပဲ။ ဟောဒါကတော့ ဦးဘယ်အဝါရေးတဲ့ "ကြီးပွားရေးစာအုပ်ပါပဲ"ဟု စာအုပ်အမျိုးပေါင်း ရှစ်မျိုးကိုးမျိုး ဖော်ပြရာ ဘိုးကွန်းသည် "သူဌေးဖြစ်နည်း"ဟူသောစာအုပ်ကို ယူငင်၍ ဟိုအနား သည်အနား ဖွင့်ဖတ်ကြည့်ရာ စာတစ်မျက်နှာသို့ ရောက်သောအခါ မျက်လုံးများသည် စူးစိုက်ကာ ဖတ်ရှုနေသည်ကို တွေ့ရှိနေရ၏။ ၎င်းဖတ်ရှုသော စာမျက်နှာမှာ အောက်ပါအတိုင်းဖြစ်၏။

"လိုရာကိုလိုက်"

တိုးတက်ကြီးပွားလိုလျှင် ကြိုးစားရမည်ကို လူတိုင်းသိ၏။ သို့သော် ဘာကို ကြိုးစားရမည်ကိုကား၊ သေချာ–ဂ–န–ခွဲခြမ်းစိတ်ဖြာ၍မသိကြ။ ဥပမာပြရမည်ဆိုသော် ပညာဝန် ဦးဖိုးဆင်သည် ကြိုးစားသဖြင့် ပညာဝန်ဖြစ်ကာ မြန်မာစာပေတွင် အတော်ကျော်ကြားသောပုဂ္ဂိုလ်။ ထို့အတူ ဦးဘတော်သည် ကြိုးစားသဖြင့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်လာ၏။ ဇော်ဝိတ်ကြီးသည် ကြိုးစားသဖြင့် ကာယဗလဘက်တွင် အထွတ်အထိပ်သို့ ရောက်လာ၏။ ထို့အတူ ဦးပဂျိုင်သည် ကြီးပွားတိုးတက်ရေးဘက်တွင် ကြိုးစားသဖြင့်ကြီးပွားတိုးတက်လာ၏။

၎င်းအသီးသီးတို့မှာ ကြိုးစားရခြင်းကားမှန်၏။ သို့သော် တစ်ဦးနှင့် တစ်ဦး ခရီးသွားစဉ် လိုအင်ဆန္ဒများမှာ မတူကြပေ။ မြန်မာစာပေဆရာဦးဖိုးဆင်မှာ မြန်မာပညာရှိတစ်ဦး ဖြစ်လာ နိုင်သည်ကားမှန်၏။ သို့သော် ဦးဘတော်ကဲ့သို့ နိုင်ငံရေးခေါင်းဆောင်ကြီး ဖြစ်၍မလာနိုင်၊ ထို့အတူ ဦးဘတော်သည် နိုင်ငံရေး ခေါင်းဆောင်ကြီးတစ်ဦးဖြစ်၍

mgyoe.com

mgyoe.com



လာနိုင်သည်ကား မှန်၏။ သို့သော် ဇော်ဝိတ်ကြီးကဲ့သို့ ကာယဗလ ထွားကျိုင်းသန်မာသောသူ တစ်ဦးဖြစ်၍ မလာနိုင်။ ထို့အတူ ဇော်ဝိတ်ကြီးသည် ကာယဗလဘက်တွင် ဗိုလ်ဆွဲနေသည်ကားမှန်၏။ သို့သော် ဦးပဂျိုဂိုကဲ့သို့ တိုးတက်ကြီးပွားရေးဘက်တွင် ဗိုလ်မဆွဲနိုင်။ ထို့အတူ ဦးပဂျိုဂိုသည် တိုးတက်ကြီးပွားရေးဘက်တွင် တစ်ဆွဲ၍နေသည်ကား မှန်၏။ သို့သော် ဦးဖိုးဆင်ကဲ့သို့ မြန်မာပညာရှိ တစ်ဦးဖြစ်၍မလာနိုင်။ ဤကဲ့သို့ နေ့မနား ညမနားကြိုးစားချင်း တူကြပါလျက် တစ်ဦးနှင့် တစ်ဦးရရှိ ရောက်ရှိသောနေရာချင်း မတူကြရခြင်းအကြောင်းရင်းမှာ ၎င်းတို့ အလိုဆန္ဒခြင်း မတူကြခြင်းကြောင့် ဖြစ်လေသည်။ ထိုကြောင့် မိမိကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် ငါ ဘယ်ဘက်က ဖြစ်လိုသလဲကို သေသေချာချာ ပြန်လည် စစ်ဆေးကြည့် ရမည်။ ယင်းသို့ စစ်ဆေးကြည့်ရှုပြီးသည့်နောက် မိမိလိုရာဘက်ကို လိုက်စားရမည်။ လိုက်စားသော အခါ မလိုက်စားမီ ၎င်းအကြောင်း နားလည်သူများထံ သင်အံလေ့ကျက် မှတ်သားရမည်။ ၎င်းအကြောင်း နှင့်ဆိုင်သော တရားဟောပွဲ စကားပြောပွဲများကို နီးဝေးမဆို သွား ရောက် နားထောင်ရမည်။ ၎င်းကိစ္စနှင့်ဆိုင်သော စာအုပ်များကို အများဆုံး ဖတ်ပေးရမည်။

တရားပွဲ၊ စကားပွဲများတွင်ပြောသော ပုဂ္ဂိုလ်များသည် သာမာန် အပေါ်ရံကို ပြောဆိုသွားကြသည် မဟုတ်။ နှစ်ပေါင်းများစွာက ဆည်းပူးထားသည်တို့ကို မိမိအား ပြောဟောခြင်း ဖြစ်လေသည်။ ထို့အတူ စာအုပ်များကို ရေးသားထားသူများမှာ မိမိတို့ နှစ်ပေါင်း များစွာက ဆည်းပူးထားခဲ့သည်တို့ကို နောက်လူများ လွယ်ကူစွာ သိမြင်နိုင်အောင် ရေးသားဖော်ပြထားခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


ဥပမာ ငါးပိကို ကောင်းမွန်စွာဖုတ်တတ်အောင် ပထမ လေးငါးဆယ်ခါ အပျက်ခံပြီးမှ ငါးပိဖုတ်ကို ကျနစွာ တတ်မည့် အစား အိမ်ရှင်မတစ်ဦးထံ နည်းခံလိုက်ပါက အချိန်မကုန် စိတ် မညစ် ပိုက်ဆံမကုန်ဘဲ လွယ်ကူစွာ တတ်ကျွမ်းသွားနိုင်လေသည်။

ထို့အတူ စာအုပ်များစွာမှာလည်း မိမိအလွတ်စမ်းသပ်နေ မည်ဆိုလျှင် အချိန် နှောင့်နှေးနေမည်။ ပိုက်ဆံကုန်မည်။ စိတ်ပျက် ရမည်တို့ကို နည်းနိုင်သမျှ နည်းစေလေသည်။ ထိုကြောင့် မိမိ လိုအပ်သောကိစ္စအတွက် ဆိုင်ရာစာအုပ်များကို ဖတ်ပေးနိုင်သလောက် ဖတ်ပေးရမည်။

ယင်းသို့ စာအုပ်ဖတ်ခြင်းအတွက် ကျွန်ုပ်အားကျဖွယ် တစ်ရပ် ဖော်ပြရမည်ဆိုသော် နိုင်ငံကျော် လောကဓာတ် ဆရာကြီး အီဒီစင် (Edison)သည် ရာဘာလုပ်ငန်းအတွက် ရာဘာကို ရာဘာ သစ်ပင်မှ မဟုတ်ဘဲ ဓာတုဗေဒလုပ်ငန်းဖြင့် အစားထိုးမည်၍ ကြံ စည်ရာ ၎င်းကိစ္စနှင့် ပတ်သက်သော ပုဂ္ဂိုလ်တိုင်းကို စုံစမ်း၏။ ၎င်းကိစ္စနှင့်ဆိုင်သော စာအုပ်ဟူသရွေ့ကို ဖတ်ရှု၏။ ထိုမျှမက သေး ဂျာမနီစာဖြင့် ရေးသားထားသော ၎င်း ရာဘာလုပ်နည်း စာအုပ်ကို ဂျာမနီပြည်သို့ ဂျာမန် စာတတ်သော မိမိ၏ စက္ကရီ တေရီအား သွားရောက်ရှာဖွေ ဝယ်ယူစေ၍ မိမိအား ဘာသာပြန် ကာ ပြောဆိုစေလေသည်။ ထိုကဲ့သို့ အထွတ်အထိပ်သို့ ရောက် သူများသည် ဤသို့ ကြိုးစားသွားကြကုန်၏။

ထို့ကြောင့် ကျွန်ုပ်ပြောဆိုလိုသည်မှာ ပထမ ငါဘာဖြစ်လို သလဲကို တိတိကျကျမေးပါ။ အဖြေထွက်လာပါလိမ့်မည်။ ထွက်လာ သော အဖြေဌာနကိုသာ လိုက်နာကြိုးစားပါ၊ သို့မှသာ မိမိလိုရာသို့

mgyoe.com

mgyoe.com



ရောက်ရှိနိုင်ပေလိမ့်မည်။ လက်သမားကောင်း၏ အရင်းအနှီးမှာ စူးဆောက်ကောင်းများ ဖြစ်ဘိသကဲ့သို့ စာအုပ်များမှာ တိုးတက်ကြီးပွားလိုသူ သူဌေးဖြစ်လိုသူတို့၏ အရင်းအနှီး လက်နက်ကောင်းများ ဖြစ်လေသည်။

ထို့ကြောင့် တိုးတက်ရာ တိုးတက်ကြောင်း ကြီးပွားရာ ကြီးပွားကြောင်း စာအုပ်ကောင်းများကို ကြီးပွားလိုသူ၊ သူဌေး ဖြစ်လိုသူတို့ ဝယ်ယူဖတ်ရှုခြင်းမှာ အပိုမဟုတ်။ ၎င်းတို့၌ရှိအပ်သော လက်နက်တန်ဆာပလာတို့တွင် အကောင်းဆုံး ဖြစ်လေသည်။ အကောင်းဆုံး လက်သမားဖြစ်လိုသူသည် အဖိုးအတန်ဆုံး စူးဆောက်လွန်ပူတို့ကို ဝယ်ရန်မကြောက်ဘိ သကဲ့သို့၊ တကယ်တမ်း မိမိလိုအင်ဆန္ဒဘက်တွင် အထွတ်အထိပ်သို့ ရောက်လိုမူ၊ ၎င်းနှင့် ဆိုင်သော စာအုပ်များကို မည်မျှကုန်ကျမည် ဖြစ်စေကာမူ ဝယ်ယူ ဖတ်ရှုရမည်။ အင်္ဂလိပ်များပင် အင်္ဂလိပ်အဘိဓာန် စာအုပ်ကို ထားရ၏။ ပညာ စာအုပ်ကို သုံးရ၏။ ကုန်သည်ကြီးများမှာ အကောင်းဆုံး ကုန်ကူးသန်း ရောင်းဝယ်ရေး စာအုပ်ကြီးများကို အဖိုးမြောက်မြားစွာ ပေး၍ဝယ်ယူ ဖတ်ရှု...

ထိုမျှလောက် ဖတ်ပြီးနောက် ဘိုးကွန်းသည် ဘာမျှ နောက်ထပ်မတွေး တောတော့ဘဲ ကြီးပွားရာ ကြီးပွားကြောင်း၊ သူဌေးဖြစ်ရာ ဖြစ်ကြောင်း၊ နည်းကောင်း လမ်းပြဖြစ်သော ဆရာကြီး ၄ ဦးတို့ရေးသော စာအုပ်များ အနက် မိမိကြိုက်ရာ တစ်အုပ်စီ အဖိုးငွေ ဖ၄ ပဲပေး၍ စာအုပ်ဆိုင်မှ ထွက်သွားလေ၏။

ဘိုးကွန်းသည် ထိုစာအုပ်များထဲမှ အကြံကောင်း၊ ဉာဏ်ကောင်းတို့ ရရှိရာ ၎င်းဆရာကြီးများကို အစဉ်အားကိုး ကြည်ညိုသောစိတ်များ ပေါ်

mgyoe.com

mgyoe.com



ပေါက်လာသည့်အပြင် ငါသာ ဟိုတုန်းက သည်လိုစာအုပ်တွေ ဖတ်ပြီးသား ဖြစ်နေရင် ငါအခုဆို အတော်နိပ်နေပြီ။ ခင်မေတို့လောက်တော့ အပျော့ ပေါ့ကွာဟူသော စိတ်များပေါ်ပေါက်လာပြီးလျှင် ဘိုးကွန်းသည် တိုးတက် ရေး၊ ကြီးပွားရေး သူဌေးဖြစ်ရေးဆိုင်ရာ စာအုပ်များကို ပေါ်တိုင်း ပေါ်တိုင်း ဝယ်ယူ ဖတ်ရှုလေ့၏။

တနင်္ဂနွေ တစ်ပတ်လောက်ကြာသောအခါ မလှစော၏အိမ်သို့ အထည်အသစ်အဆန်းများနှင့် သွားပြန်လေ၏။ သို့သော်လည်း ခင်မေကို မတွေ့ရသဖြင့် အမောမှမပြေ။

"ကျွန်တော် အခုတလော ကံခေနေတယ်ထင်ပါရဲ့ အစ်မရယ်၊ ဝယ် နေကျ ဖောက်သည်တွေတစ်ယောက်မှ မတွေ့ဘူး။ ဒီကနေ့ အစ်မဆီပါ သုံးအိမ်ဝင်တယ်။ ဝယ်နေကျတစ်အိမ်က ဘုရားသွားသတဲ့။ တခြား အိမ် ကတော့ ဘယ်ဆိုလား အစ်မရယ်။ အခု အစ်မအိမ်ရောက်လာပြန်တော့လဲ။ ဟောဟို မအဟာဝါ မရှိဘူးထင်ပါရဲ့။ မေသက်ဘရားသားက ထိုးတဲ့ပန်း ထဘီ အမျိုးမျိုး တစ်ဒါဇင်ပါလာတယ်"

"သူ့အိမ်ကို ဘာလို့သွားပြီး မရောင်းသလဲ"

"မသိလို့ပေါ့အစ်မရယ်"

"ရာဇဝတ်ဝန် ဦးဘခင်လေ။ အစ်မရဲ့ ဦးတော်ပေါ့"

"ဩော် ...ရာဇဝတ်ဝန် ဦးဘခင်လား။ သည်လိုဖြင့် ၅၁လမ်းမှာပေါ့၊ ယနေ့တောင် ရောက်ခဲ့သေးတယ်"ဟု ပြောပြီး ပန်းထဘီများကိုပြရင်း စဉ်း စားကာ များစွာစိတ်ပျက် အားငယ်၍သွားလေ၏။

ရာဇဝတ်ဝန်၏ သမီးဆိုလျှင် မိမိကဲ့သို့သော လမ်းလျှောက်အထည် သည်မျိုးကို မြင်မှာမဟုတ်ဘူး။ တစ်နေ့က အရောဝင်သလို ပြောဆိုသည် မှာ လမ်းလျှောက် အထည်သည်မို့ မလေးစားလောက်ဆိုသည့် အနေနှင့်

mgyoe.com

mgyoe.com



အရောဝင်တာပဲဟု တွေးလေ၏။ ဦးဘခင်မှာ တန်ခိုးကြီးသူလည်း ဖြစ်ကြောင်း၊ ပစ္စည်းဥစ္စာလည်း ပေါများကြွယ်ဝကြောင်း၊ မင်းကတော်ဒေါ်ယုဆိုသည်မှာ လွန်စွာ မာန်မာနကြီးကြောင်းများကို ကြားဖူးလေ၏။

မလှစော၏ ဖခင်မှာ မြို့ဝန်ဖြစ်၍ အပေါင်းအသင်း အဆက်အသွယ်အလွန်များသဖြင့် အမြဲလိုလို သွားလာ၍နေသောကြောင့် တစ်ကြိမ်မျှသာ "အောင်မယ် အထည်ဆန်းတွေပါလား"ဟုပြောပြီး အထည်များကို ထိးနှင့် ထိုး၏။ အိမ်မှထွက်သွားဖူးသည့် တစ်ကြိမ်သာ ဘိုးကွန်း တွေ့မြင်ရလေ၏။

ထိုနေ့၌ မလှစောက ပန်းလုံချည်တစ်ထည် ယူလိုက်လေ၏။ ခင်မေရာဇဝတ်ဝန်၏ သမီးဖြစ်ကြောင်းကို တွေးတောကာ စိတ်မကောင်းဖြစ်၍သာနေလေ၏။ စိတ်ကိုလည်း လျှော့ချ၏။ သို့သော်လည်း နှလုံးက မလျှော့ပေ။ ထင်မြင်၍သာနေ၏။ သို့ဖြစ်လေရာ ယောကျ်ားဟူသော စိတ်သည်တက်ကြွ၍လာလေ၏။ ရာဇဝတ်ဝန်သမီးကော ဘာဖြစ်သလဲ။ "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်"ဆိုတဲ့စကား အဘယ်မှာထားမလဲ။ ယောကျ်ားကောင်းမှန်က မမိသော မိန်းမ မရှိနိုင်။ မတန်သော မိန်းမ အဘယ်မှာလဲဟူသော စိတ်သည် ပေါ်၍လာလေ၏။

ခင်မေ၏ ပြောပုံဆိုပုံ ရယ်မောပုံ၊ ခင်မေ ရယ်မောသည့် ငွေမောင်းသံ၊ ခင်မေ၏ ကြော့ရှင်းသော ခါးကလေး တင်ကလေးများ၊ ဝင်းခနဲလက်ခနဲမြင်မိသော ခြေသလုံးကလေးများသည် ဘိုးကွန်း၏ စိတ်ကိုမလျှော့ရအောင်တွန်းဆောင်၍ နေလေ၏။

ဘိုးကွန်းသည် ကျောင်း၌ ၉ တန်းအထိ သင်ခဲ့ဖူးရာ မိမိ၏ပညာမပြည့်မစုံကြောင်းကို သိလေ၏။ ကုန်သည်ကြီးဖြစ်လိုက စာပေးစာယူအပြောအဆိုတတ်ဖို့ လိုကြောင်းသိသဖြင့် အိတ်ထဲ၌ စာတစ်အုပ်ကို အမြဲ

mgyoe.com

mgyoe.com



ဆောင်၏။ သွားရာလာရာ၌ မောပန်း၍ ထိုင်သည့်အခါ နားသည့်အခါ အားသည့်အခါ ဟူသမျှမှာ စာကိုဖတ်၏။

ထိုနည်းဖြင့် နေ့စဉ် ပညာလည်းတိုး၏။ ငွေကြေးလည်း စုမိ၏။ အလုပ်လည်းတိုး၏။ အဘယ်သူ့ထံမှာမှ အလုပ်ကို လျှောက်လွှာနှင့် လျှောက်ဖို့မလို။ အလုပ်လုပ်လိုက အလုပ်ရှိရမည်ဟူသော သဘောတရားအတိုင်း ဘိုးကွန်းသည် မရှက်မကြောက် လုပ်ခြင်းဖြစ်လေ၏။

ဤအတွင်း၌ မလှစောနှင့် ခင်မေတို့ညီအစ်မ နှစ်ယောက်နှင့် မိတ်အဆက် မပြတ်အောင်လည်း အထူးသတိပြု၏။ မိမိကိုယ်ကို မလှစောအတွက် အသုံးတော်ခံကဲ့သို့ သဘောထားကာ အထည်ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ၊ မိန်းမများ နှစ်သက်တတ်သော အရာတစ်ခုခုကို အမြဲပါရှိစေ၏။

"အစ်မအလိုရှိတာ ရှိရင် ကျွန်တော့်ကိုမှာပါ။ အမြတ်မစားပါဘူး"ဟု ပြောသဖြင့် ပြောသည့်အတိုင်းလည်း မှန်ကန်စွာ ဝယ်ခြမ်းပေးသောကြောင့်တစ်ကြောင်း၊ အရာရာကို သတိနှင့် ကြည့်ရှုမှတ်သားသူတို့၏ သဘာဝအတိုင်း၊ အလုပ်အသေးအဖွဲ အမျိုးမျိုး၌ အထိုက်အလျောက် အသုံးဝင်၍၊ လွယ်ကူသော လက်နှင့် လျင်မြန်သောဉာဏ်ရှိ၍ ဘာကိုမဆို လုပ်ကိုင်၍ပေးတတ်ခြင်းကြောင့်တစ်ကြောင်း မလှစောနှင့် ခင်မင်၍လာလေ၏။

တစ်နေ့သ၌ ခုတင်တစ်ခုကို အိမ်အပေါ်ထပ်မှ အောက်ထပ်သို့ ဖြုတ်၍ချထားပြီး ပြန်၍တပ်ဆင်ရာ မဖြစ်သဖြင့် မလှစောက ညည်းညူရာဖြစ်မြောက်အောင် နေ့တစ်ဝက် အချိန်ကုန်ခံ၍ တပ်ဆင်ခဲ့လေ၏။ ဤလို အသုံးဝင်သော ယောက်ျားပျို တစ်ယောက်သည်ကား အဘယ်မှာ စားအိမ်နေအိမ် ရှားနိုင်ပါမည်နည်း။

mgyoe.com

mgyoe.com



သို့နေရာ တစ်နှစ်ကျော်ကျော် ကြာ၍သွား၏။ မလှစောအိမ်၌ ခင်မေနှင့် မကြာမကြာ တွေ့ခဲ့၏။ သို့သော်လည်း မြင်ရုံသာမြင်ရဆိုသည့် စကားလို အမြင်နှင့် တင်းတိမ်ရလေ၏။ ထိုအတွင်း ငွေကလေး သုံးလေးရာ စုမိလေရာ တီရှပ်ထည်များကို ကိုယ်တိုင်မှာပြီး ဆင်းကားစက် တစ်လုံးနှင့် အချုပ်ကောင်းသူတစ်ယောက်ကို ငှား၍ခိုင်းလေ၏။

(Kun Co.) ကွန်း ကုမ္ပဏီဟူသော စာလေပုံစံစာအိတ်များ ကုမ္ပဏီ၏ နာမည်နှင့် မိမိနာမည်ကပ် စက္ကူကလေးများကို နှိပ်ကာ စပ်ဟပ်၍ရောင်း၏။ ကုမ္ပဏီဆိုင်နေရာကား မှန်ဗီရိုကလေးတစ်လုံးနှင့် ဆိုင်းဘုတ်သာရှိရာ မိမိနေသော အခန်းပိုင်ရှင်များက အခွင့်ပြုသဖြင့် လူမြင်များသော ဘောလိန်းစာတ်ရထားလမ်း၌ အထင်းသား ပေါ်၍နေလေ၏။

ထိုအခါ အထည်များကို လည်၍ မရောင်းတော့ပေ။ စာပေးစာယူနှင့် စာရင်းအင်းကို ကိုင်ကာ မိမိကိုယ်တိုင် သူဌေး စာရေး အစေခံဖြစ်၍နေလေ၏။ ၎င်းကွန်းကုမ္ပဏီ၌ သူဌေးနှင့်တူသူမှာ ဆင်းကားစက်ဆရာ ဖြစ်လေ၏။

သို့ဖြစ်လေရာ မလှစော၏အိမ်သို့ သွားသည့်အခါ အထည်သည် အဖြစ်နှင့် မဟုတ်။ အသုံးတော်ခံ အဝယ်တော်အဖြစ်နှင့် သွားရသဖြင့် တစ်ခါတစ်ရံ အရေးကြီးသော အဝယ်အခြမ်း ကိစ္စရှိသည့်အခါ မလှစောက ကားနှင့် လွှတ်လေ၏။

ခင်မေသည်ကား ဘိုးကွန်းကို ကိုဘိုးကွန်းဟူ၍ မခေါ်။ ကိုတိုဟူးဟူ၍သာ ခေါ်လေရာ ဘိုးကွန်းမှာ ထိုကဲ့သို့ အခေါ်ခံရတိုင်း ရင်ကြပ်သလိုဖြစ်၍ သွားလေ၏။ ထိုနောက် တစ်စ တစ်စ ဟူးပြုတ်ပြီး ကိုတိုဟု ဖြစ်လေရာ ချစ်သူကလေးများက ကိုကိုဟု ခေါ်သဖြင့် ကိုကို အခေါ်ခံရသူများကို

mgyoe.com

mgyoe.com



တွေးကာ အားကျလေ၏။ သူတို့များမှာတော့ ကိုကို အခေါ်ခံရသည့်အခါ ဘယ်လိုများ အရသာထူးပါလိမ့်မလဲ စသည်ဖြင့် အောက်မေ့လေ၏။

သို့အခေါ်ခံရသည့်အခါတိုင်း အေးလေခေါ်လိုက်ဦး သိစေမယ်ဟု စိတ်ထဲ၌ ကြိမ်းလေ၏။

ခင်မေသည် ဘိုးကွန်း၏ သတ္တိအရည်အချင်းကိုသိ၍ လေးစားလေ၏။ တစ်နေ့သ၌ ကြီးပွားမည်ကို ယုံကြည်၏။ သို့သော်လည်း ရာဇဝတ်ဝန်၏ သမီးချောတစ်ယောက်သည် ဈေးသည်ကို စိတ်ကူးမည်မဟုတ်ကြောင်း ဘိုးကွန်းသိ၏။ သိသော်လည်း နေသေးရိုးတို့လို၊ ဝပ်ဆင်တို့လို မဖြစ်လျှင် မသေဟု စိတ်ထဲ၌ ကြုံးဝါး၍သာ နေလေ၏။ ကြုံးဝါးသောအသံကိုလည်း တစ်ခါတစ်ခါ ခင်မေကြားရအောင် ထုတ်ဖော်လေ၏။

သို့ ကြုံးစားရာ မကြာမီပင် ဒါလဟိုဇီလမ်း သေးငယ်သော အခန်းကလေး၌ ကွန်းကုမ္ပဏီ ဖက်ရှင်စတိုးဟူသော ဆိုင်းဘုတ်နှင့် ကြော်ငြာရုပ်ပုံများပေါ်၍ လာလေ၏။ ဖက်ရှင်စတိုးမှာ ခင်မေနှင့် မလှစောတို့လို ဂုဏ်သရေရှိ အမျိုးသမီးများကို ဆွဲသောဆိုင် ဖြစ်လေ၏။ ထို့ပြင် မိန်းမကြိုက်နှင့် ဘုန်းကြီးကြိုက် ပစ္စည်းများကိုရောင်းခြင်းသည် အမြန်ဆုံးသော တက်လမ်းဖြစ်သည်ကို ဘိုးကွန်း ကောင်းစွာသိလေ၏။

သို့ဖြစ်လေရာ ရသမျှငွေကို ဆိုင်ထဲသို့သွင်းခြင်း၊ ဆိုင်ကြီးများ၏ ယုံကြည်ခြင်းကို ရရှိခြင်းကြောင့် မိန်းမကြိုက် အဝတ်အစား၊ လူကြီးလူငယ်ကြိုက် ရုပ်အင်္ကျီများအပြင် ဘုန်းကြီးကြိုက် ရွှေမျက်မှန်၊ နာရီ၊ ဘုန်းကြီးဖိနပ်၊ ထီးစသည်တို့နှင့် အခြားပစ္စည်းများကို အခြားဆိုင်များမှ ကွန်ဆိုင်းမင့်ခေါ် ရောင်းပြီးမှ ငွေချေသဘောဖြင့် တင်ထားရောင်းချလေရာ မလှစောနှင့် ခင်မေတို့က သွေးဆောင်သဖြင့် ၎င်းဆိုင်၌ အမျိုးသမီးများ တိုးဝှေ့စပြုကြလေ၏။

mgyoe.com

mgyoe.com



အမျိုးသမီးများ တိုးဝှေ့သောအခါ ပန်းပွင့်ရှိရာ ပျားပိတုန်းလာသည့်နည်းမျိုးအတိုင်း အမျိုးသားကလေးများလည်း အတိုးလာစပြုကြလေရာ ကွန်းကုမ္ပဏီမှာ တစ်စတစ်စ ကျော်ကြားလာလေ၏။ ဘိုးကွန်း၏ တက်လမ်းသည် ဘိုးကွန်း၏ ဉာဏ်မျက်စိ၌ ဖွေးဖွေးကြီးထင်၍ လာလေတော့သတည်း။

❐

mgyoe.com

mgyoe.com

# အခန်း (၄)

သို့သော်လည်း ဘိုးကွန်း၏စိတ်၌ အမြဲပူလောင်၍နေစေသော အရာကား အခြားမဟုတ်။ မိမိမှန်းခြေ မပေါက်မိ ခင်မေယောက်ျားရမှာကို စိုးရိမ်ခြင်း ဖြစ်လေ၏။ သို့အတွက် ခင်မေနှင့်မလှစောဆိုင်ကို လာသည့်အခါ စကားပြောရာ၌ ကုန်သည်အလုပ်၏ ကြီးကျယ်ခြင်းအကြောင်းကို အမြဲဟောပြော၏။

ကုန်သည်အလုပ်မှာ မည်သူ့ကိုမျှ မကြောက်ရ။ မည်သူ့ကိုမျှလည်း မခြောက်ရ မလှန့်ရ။ အမျိုးသား၏ အကျိုးစီးပွားကိုလည်း ကုန်သည် သူဌေးမှသာ ထိထိရောက်ရောက် ကူညီစောင့်ရှောက်နိုင်ကြောင်း၊ လောကကြီးရဲ့ တစ်ခုလုံးကို ငွေပြုပြင်၍နေကြောင်း၊ ကုန်သည်သူဌေးမှသာ ငွေကိုထုတ်နိုင်ကြောင်း၊ ဒီမိုကရေစီခေတ်၌ ကုန်သည်သူဌေးသည် မင်းအစိုးရကို ခိုင်းစေ၍နေကြောင်း။

သူဌေးများထံ အကြီးဆုံးသော အရာရှိများ လာရောက်ဆည်းကပ်ရကြောင်း၊ ကုန်သည်သူဌေးသည် ငါးထောင်စားတွေလိုဖြစ်အောင် ရွှံ့ရုပ်လုပ်သလို လုပ်နိုင်ကြောင်း၊ သို့အတွက် မိမိကိုယ်တိုင် သူဌေးဖြစ်အောင် ကြိုးစား၍နေကြောင်း၊ တစ်နေ့သ၌ ဖြစ်ရမည့် အကြောင်းများကို ဟောလေ၏။

mgyoe.com

mgyoe.com



ခင်မေကား ဘိုးကွန်း သဘောရိုးအတိုင်း ကြီးပွားရေးစကားကို ပြောဆိုသည်ဟု မှတ်ထင်လေ၏။ ဘိုးကွန်း၏စကားကြောင့် ဈေးရောင်းလိုသောစိတ် မပေါ်ပေါက်သေးပေ။ ဘိုးကွန်းအား ကိုတိုဟူ၍ အထက်ကလိုပင် နှုတ်ကျိုး၍ခေါ်သော်လည်း ပြောင်လှောင်လိုသော စိတ်ကားမရှိပေ။ ဂုဏ်သရေရှိ အသိတစ်ယောက်လို သဘောထားလေ၏။

လူများပျက်စီးသည့်အခါ အကျမြန်သည့် နည်းမျိုးအတိုင်း ဖြစ်ထွန်းကြီးပွားသည့်အခါ၌လည်း အတက်မြန်၏။ ဘိုးကွန်း၏ဆိုင်မှာ တစ်နေ့တခြား ကြီးကျယ်၍ လာလေ၏။ အထည်အဆန်း တစ်မျိုးတည်းနှင့် အခြေအနေ အကြီးအကျယ်ပြောင်း၍ သွားလေ၏။ ဘိုးကွန်းမှာ ဦးကွန်းအဖြစ်သို့ ရောက်၍လာလေတော့သတည်း။ ကြီးပွားခြင်း၏ အကြောင်းကား ဂျပန်ပြည်မှ တစ်ဦးတည်း ကိုယ်စားလည်ရသော အထည်အဆန်းတစ်မျိုးကြောင့် ဖြစ်လေ၏။ ထိုအခါ ဆူးလေဘုရားလမ်း၌ ရွှေစာလုံးနှင့် ဆိုင်ကြီးဖြစ်၍လာလေ၏။

ထိုအခါ မလှစောနှင့် ခင်မေသည် အဖော်များကို မကြာမကြာခေါ်ဆောင်၍ လာကြလေ၏။ မလှစောသည်ကား ထိုအခါ၌ ဘိုးကွန်းကို၊ မောင်ကဲ့သို့ ခင်မင်၍နေလေ၏။

ဘိုးကွန်းသည် မလှစော၏အိမ်သို့ အသုံးတော်ခံအဖြစ်နှင့် မဟုတ်။ ကိုယ်ပိုင်ကားကလေးနှင့် လွတ်လပ်စွာ ပိုင်စိုးပိုင်နင်းဆိုသကဲ့သို့ သွားနိုင်လေ၏။ မိမိ ယခုလို ကြီးပွား၍လာသည်မှာ မလှစောတို့ ကျေးဇူးနှင့်မကင်းကြောင်းကိုလည်း အခါခါ ပြောလေ၏။ စင်စစ်မှာကား ခင်မေ၏ကျေးဇူးဖြစ်လေ၏။ ခင်မေအတွက် ကြိုးစားရခြင်းကြောင့် ဤအခြေသို့ရောက်လေ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၅)

တစ်စ တစ်စ သတင်းများ ဖြစ်ပေါ်၍လာသည်ကား ခင်မေနှင့် စာတော်ပြန် မြို့အုပ်ကလေးတစ်ယောက်၏ အကြောင်းဖြစ်လေ၏။ ထိုမြို့အုပ်ကလေး လည်း ဆိုင်သို့ ခင်မေတို့ညီအစ်မနှင့် အတူလာရောက်ဖူးလေ၏။ ၎င်း၏ နာမည်မှာ ခင်မောင်ကြီး ဖြစ်လေ၏။ ရုပ်ရည် မခေလှပေ။ သို့သော်လည်း အသက် သုံးဆယ်မကျော်သေးဘဲလျက် ပျော့နှဲ့ညှောင်နာ၍နေခြင်းသည် အပျော်အပါး လိုက်စားခြင်း၏ ထင်ရှားသောလက္ခဏာ သက်သေကို ဆောင်လေ၏။

ဘီအေဘီအယ်(လ်) အောင်သော်လည်း ဤလိုချည့်နဲ့ ညှိုးကျုံ့သူကို ဘီအေဘီအယ်(လ်)သည် ချမ်းသာစေနိုင်မည်မဟုတ်ကြောင်း ဘိုးကွန်းစဉ်း စားကာ ခင်မေကို နှမြောလေ၏။ အကယ်၍ ဤလိုအပျော်သမား၏ လက်သို့ ခင်မေရောက်ကာ အပျော်သမား စော်ကားခြင်းကို ခံရချေက မိမိမှာ အသည်း နှလုံးကြေမွ၍ သေဖွယ်ရှိသည်ဟု အောက်မေ့လေရာ ၎င်းတို့နှစ်ယောက်ယှဉ် ကာ ထိုင်လျက်နေသော ထိမ်းမြားမင်္ဂလာ အခမ်းအနားကို စိတ်၌မြင်တိုင်း နာကြည်းလေ၏။

mgyoe.com

mgyoe.com



ခင်မေမှာ ဖြူဖြူစင်စင် ရိုးရိုးဖြောင့်ဖြောင့် ရှင်ရှင်ပျပျကလေးပေ။ ဤလို လူပိန်၊ လူနာ၊ ရောဂါမစင် အမြဲငြိုငြင် စိတ်တို၍နေမည့် အသွင်ရှိသော ရောဂါသည်၏ ရင်ခွင်သို့ ခင်မေရောက်ချေက အဆိပ်သောက်သေရခြင်းထက် ဆိုးတော့မည်။ ဤလူပိုးထိုး လူနာကောင်ပုပ် အသေရုပ်နဲ့ ကျန်းမာသန့်ရှင်း ခြောက်ပြစ်ကင်း ခင်မေကို ပေးစားဖို့ရန် ကြံရက်နိုင်ကြသည်မှာ ဘီအေဘီအယ်(လ်)ဂုဏ်၊ မြို့အုပ် ဂုဏ်ကလေးကြောင့်ဖြစ်သည်ကို တွေးတောကာ မတော်တဆ တကယ်ဖြစ်ချေက ကျွန်ပညာဆိုသည့် လူမျိုး၏ဂုဏ်သည် အဘယ်မှာ ရှိပါတော့မည်နည်း စသည်ဖြင့် တွေးတောကာ နာကြည်း၍မဆုံးဘဲ နေလေ၏။

ငင်း ခင်မောင်ကြီးမှာ အသားဖြူ၍ ရုပ်ရည်ချောမောဟန် ရှိသော်လည်း အသွေးမရှိသော အသားနှင့် အဖတ်အဖတ်ကွာသော နှုတ်ခမ်းရှိ၍ မိမိကိုယ်ကို အမြဲသနိုင်သည့် လူပျိုလူရွယ် ဖြစ်သောကြောင့်သာ ကြည့်သာမြင်သာဖြစ်၍ နေလေ၏။ ထို့ပြင် အဝတ်သည် လူကိုသစ်လွင်သည့် အသွင်ကို ပေးစွမ်းနိုင်လေရာ သစ်လွင်တောက်ပသော အဝတ်အစားကို မဝတ်ဘဲ မှေးမှိန်သော အဝတ်မျိုးကို ဝတ်နေချေက လူစင်စစ်အသွင်ထက် ဖုတ်၊ တစ္ဆေအသွင်က ပိုမိုထင်ရှားဖွယ် ရှိလေ၏။

ငင်း ခင်မောင်ကြီးမှာ ဘီအေဘီအယ်(လ်) ဂုဏ်အပြင် ငင်း၏ ဖခင်မှာလည်း အငြိမ်းစား ရာဇဝတ်ဝန်ပင် ဖြစ်လေရာ အကယ်၍ ငင်းတို့နှစ်ဦးနှစ်ယောက် ဖြစ်ကြချေက လိုလားသူဟူသမျှ၏နှုတ်မှ "နေနဲ့လ ရွှေနဲ့မြ" ဟူ၍ ပြောကောင်းပြောကြပေလိမ့်မည်။

ထိုသတင်းသည် ကြီးသည်ထက် ကြီး၍လာရာ ဘိုးကွန်းမှာ တစ်နေ့ထက် တစ်နေ့ အကြောက်ပို၍လာလေ၏။ မိမိ၏ကြီးမားခြင်းမှာ ခင်မေကြောင့် ဖြစ်ရာ မတော်တဆ ခင်မေသည် ဤရှိုက်ကုန်းနှင့် ညား၍

mgyoe.com

mgyoe.com



သွားချေက ဤအခြေအနေ အလုပ်အကိုင်ကြီးကို စွန့်ပစ်ကာ တော်ရာသို့ သွားပြီး ဘဝကို အဆုံးသတ်ရကောင်း သတ်ရမည်ကဲ့သို့ ဖြစ်၍လာလေ၏။

သို့သော်လည်း မိမိမှာ ခင်မေ၏ မျက်စိအောက်တွင် တိုဟူးသည် အဖြစ်မှ ဤအခြေအနေသို့ တက်ရောက်၍လာသူဖြစ်ရာ အဘယ်ပုံ ကြံရမည်ကို မသိပေ။ ကြိတ်ကာအရူးလိုဖြစ်၍ နေလေ၏။ အိပ်ရာ၌ ထိုအကြောင်းကိုသာ အိပ်မက်လေ၏။ ၎င်းတို့၏ မင်္ဂလာပွဲ၌ ရှန်းရင်းဆန်ခတ် သတ်ကြ ပုတ်ကြသည်ဟု အိပ်မက်မက်၏။ ခင်မေ ဆံပင် ဖိုးရိုးဖားယား နှင့် မိမိထံပြေး၍လာသည်ဟူ၍လည်း အိပ်မက်၏။

သို့သော်လည်း ထိုအကြောင်းနှင့် ပတ်သက်၍ မမေးဝံ့ပေ။ ခင်မေအား တွေ့သည့်အခါ အထက်ကနှင့်မတူ အမူကွဲပြား မိမိကို ပိုမို၍ ဂရုစိုက်ဟန် ရှိလေ၏။ ဘိုးကွန်း၏စိတ်၌ ထိုကဲ့သို့ ပိုမိုဂရုစိုက်ခြင်းသည် မိမိပိုး၍နေကြောင်း သိသည့်အတွက် အကြင်နာစိတ်ကလေးဝင်ခြင်းမျှ ဖြစ်သည်။ မိမိကို အဟုတ်တကယ် လေးစားခြင်း ဟုတ်မည်မထင်ဟု အောက်မေ့လေ၏။

တစ်ခါ တစ်ခါ၌လည်း ငါ့ကိုပင် အာရုံပြုလေသလားဟူသော အတွေးပေါ်လေ၏။ သို့သော်လည်း ထိုသတင်းများဖြစ်မှ အနည်းငယ် ဂရုစိုက်လာခြင်းဖြစ်သည်။ ကြင်နာခြင်း၏ အငွေ့အသက်ကလေးမျှ ဖြစ်မှာပါပဲဟူသော အတွေးနှင့် သက်ပြင်း ရှူရှိုက်မိလေ၏။

မျက်တွင်းများကျ၍လာ၏။ ညဥ့်အခါ၌ မအိပ်နိုင်ခြင်းသည် သက်သေဖြစ်၏။ အလုပ်၌ အခါတိုင်းနှင့်မတူ ယယ်သားများအား ဆူမိကြိမ်းမိ၏။ ဆိုင်ထဲမှာလည်း ငြိမ်သက်စွာ မနေနိုင်တော့ပေ။ တစ်နေ့သ၌ ခင်မောင်ကြီးသည် တစ်ကိုယ်တည်းရောက်၍ လာလေ၏။ ဘိုးကွန်းသည် မချိသွားဖြဲပြုံးကာ နှုတ်ဆက်၏။ ဝယ်သောအရာမှာ ပန်းထဘီဖြစ်လေရာ ဇကန်

mgyoe.com

mgyoe.com



ခင်မေဖို့ပါပဲဟု တွေးရင်း ထဘီကိုခေါက်၍နေသော စာရေးလက်မှ လုယူပြီး ဆုတ်ခြေမိးရှို့၍ ပစ်ချင်လေ၏။

သို့သော်လည်း စိတ်ကိုချုပ်တည်းပြီး "ဒါမခင်မေကလေးနဲ့ အင်မတန်တော်မှာပဲ"ဟု ပြုံး၍ ပြောရာ ခင်မောင်ကြီးက သဘောကျဟန်နှင့် ပြုံးပြီး "ကျွန်တော်တို့မြန်မာလည်း ဗိုလ်ဆန်လာကြပြီ သူဌေးမင်းရဲ့၊ သူတို့အဝတ်အစားကို အမျိုးမျိုး ဂရုစိုက်တဲ့ယောက်ျားမှ ကျေနပ်တာ"ဟု ပြောလေ၏။

ထိုစကားသည် ဘိုးကွန်း၏နားအတွင်းသို့ ငရဲမီးကို လောင်းထည့်သကဲ့သို့ ဖြစ်လေ၏။ ထိုမြို့အုပ်ပေါက်စ ဘီအေခါးချည့်ကလေး၏ လည်မျိုကို ကိုင်ဖျစ်ကာ နံရံတွင် ဆောင့်၍ သတ်ချင်၏။ သို့သော်လည်း စိတ်ကို အနိုင်နိုင်ချုပ်လျက် ငါ ဘာပြောရမလဲဟု တွေးတောရာ ဒီအကောင် ခင်မေအပေါ်၌ သံသယဖြစ်ပြီး စဉ်းစားဆိုင်းငံ့အောင် လုပ်ခြင်းမှတစ်ပါး အခြား နည်းလမ်း မရှိဟု တွေးမိသဖြင့် "ခင်မေနဲ့ သူ့အစ်မ မလှစောတို့တော့ ကျုပ်နဲ့မောင်လိုနှမလိုပါဘဲ။ အင်မတန်ဘဲ ခင်ပါတယ်။ သို့သော်လည်း မြို့အုပ်မင်းရယ်...... "

ခင်မောင်ကြီးသည် ထဘီကိုကြည့်ရာမှ ရုတ်တရက် မျက်နှာကိုမော့ပြီး ဘိုးကွန်း၏ မျက်နှာကို ကြည့်၍နေလေ၏။

"ပြောစမ်းပါသူဌေးမင်းရဲ့။ ဘယ်လိုဖြစ်လို့လဲ။ ပြောစရာရှိရင် ပြောပါ။ သူဌေးမင်းတော့ သမာဓိဂုဏ်နဲ့ ပြည့်စုံတယ်လို့ အများကပဲ ပြောကြပါတယ်"

ဘိုးကွန်းသည် မပြောချင်ပြောချင် အမူအရာနှင့် ပြုံး၍သာ နေလေ၏။

ခင်မောင်ကြီး ။ ။ "ပြောသာပြောပါ အားမနာပါနဲ့။ လောကမှာ မပြောမပြီးတဲ့ ဟာတွေလည်း ရှိပါတယ်"

mgyoe.com

mgyoe.com



"ဟာ... မပြောချင်ပါဘူး မြို့အုပ်မင်းရယ်။ လူဆိုတာ မိမိစိတ်ထဲမှာ အလေးအမြတ် ထင်ထားတဲ့အရာ တစ်ခုခုကို ဟာလေ ဒါလောက် ပြော ပါရစေတော့။ မြို့အုပ်မင်းတို့လို အလားအလာနဲ့ လူငယ်များ ကြီးပွားချမ်း သာတာကိုသာ ကျုပ်တို့မြင်ချင်ပါတယ်။ သည့်အပြင် မြို့အုပ်မင်းဟာ သည်ဆိုင်ကို အတော်ပဲ အားပေးပါတယ်"

"ကိစ္စမရှိပါဘူး။ ပြောစမ်းပါ သူဌေးမင်း။ လူဆိုတာ ယောကျ်ား၊ ယောကျ်ား။ မိန်းမ မိန်းမ။ အသိရ အင်မတန်ခက်တာ။ ရွှေခဲ ကျောက်ခဲ သာ ခတ်လို့လွယ်တာ"

"မပြောပါရစေနဲ့လေ။ ဘာမှဆိုစရာ မရှိဘူး။ မြို့အုပ်မင်းရဲ့ မျိုးရိုး လည်း ဆိုစရာမရှိ။ ရုပ်လည်း ပြောစရာမရှိ။ မြို့အုပ်မင်းရဲ့ ပညာ ကလေးလည်း တော်ပါတယ်။ ရှားပါရဲ့၊ လိမ္မာလည်း လိမ္မာပါတယ်။ လိမ္မာလွန်းလို့အင်း... ဒါပါပဲဗျာ။ မပြောပါရစေနဲ့တော့။ ဟား.. ဟား.. ဟား... ဟား ကိုင်း ဘာများယူဦးမလဲ။ ဟော့ မောင်ရွှေ တစ်နေ့ကရောက်တဲ့ စောင်ကလေးတွေ မြို့အုပ်မင်း ပြစမ်းပါကွယ်။ တယ်ကောင်းတယ်မြို့အုပ် မင်း။ ထုတ်လကွယ် မြို့အုပ်မင်း စောင့်နေရတယ်"ဟု ပြောပြောဆိုဆို နှင့် စာရေး ကလေးနေရာသို့ မိမိကိုယ်တိုင်ဝင်ကာ စောင် အဆန်းများကို တွင်တွင်ကြီး ပြောလေ၏။

မြို့အုပ်မင်းလည်း အထည်ကိုယူပြီး စာရေးကလေးအား ထုပ်ဖို့ ပေးလေ၏။ ငွေစက္ကူနှစ်ချပ်ကို ထုတ်ပေးလေ၏။ ပြီးသောအခါ မြို့အုပ် သည် လက်ပတ်နာရီကို ကြည့်ပြီး ရုံးချိန်နီးပြီဟုပြော၍ ထွက်သွားလေ၏။

ဘိုးကွန်းလည်း မိမိ၏အခန်းကို ဝင်ပြီး ပက်လက်ကုလားထိုင်၌ လှန်ကာ မိမိပြောလိုက်သော စကားကို ပြန်တွေးလျက်နေလေ၏။ ထို စကားများသည် ရုတ်တရက် စိတ်ထဲမှာပေါ်လာပြီး မစဉ်းမစား ပြောလိုက်

mgyoe.com

mgyoe.com



သော စကားများဖြစ်ရာ ပြောမိသော စကားမှာ ဖျက်၍မရ။ ပုံနှိပ်သော စာကို မီးရှို့လျှင် ရသေး၏ဟု တွေးတောရင်း ငါရူးပြီ၊ ငါမိုက်ပြီ၊ ငါ ဟိုလူအား ဘာတွေကို ပြောလိုက်ပါသလဲဟု အပြန်ပြန်စဉ်းစားပြီးမှ အဲလေ ငါလည်း ဘာမှမပြောလိုက်ရသေးပါလား။

❒

mgyoe.com

mgyoe.com

# အခန်း (၆)

တစ်နေ့ မလှစောၶ အိမ်သို့ ရောက်၍သွားလေရာ ခင်မေနှင့် တွေ့လေ၏။ မလှစောမှာ အိပ်ပျော်၍နေ၏။ ခင်မေကား မဂ္ဂဇင်းတစ်အုပ်ကို ဖတ်၍နေလေ၏။

ခင်မေသည် ဘိုးကွန်း၏ ကားရောက်လျှင် ရောက်ချင်း သင်ဖြူးပေါ်၌ မှောက်လျက် စာဖတ်၍နေရာမှ ထပြီး စိတ်ဆိုးဟန်ဆောင်သော အမူအရာနှင့် “ကိုတို ဟိုလူကို တစ်နေ့က ဘာတွေ ပြောလိုက်သလဲ”ဟု မေးလေ၏။

“ဘယ်လူကိုလဲ၊ ထိုင်ပါဦး ဒေါသဖြစ်သူများ ထနေရင် ထိုင်ရတယ်” ဟု ပြောပြီး စာပွဲဝိုင်းရှိရာသို့ သွားပြီး ကုလားထိုင်ပေါ်၌ မိမိက စ၍ ထိုင်လေ၏။ ခင်မေလည်းထိုင်၏။

“ပြောစမ်းပါဦး ဘယ်လူကိုလဲ”

“ဟို မြို့အုပ်ကို”

“သြော် မြို့အုပ်ကိုလား။ ဟုတ်တယ် ဆိုင်ကိုလာတော့ ဖောက်သည်မို့၊ ဟိုပြော သည်ပြော။ မခင်နဲ့တော်တဲ့ အထည်တွေအကြောင်း ပြောတာပေါ့”

mgyoe.com

mgyoe.com



"သူလာဝယ်တာနဲ့၊ ကျွန်မနဲ့တော်တဲ့ အထည်တွေအကြောင်း ဘာလုပ်ပြောရတာလဲ"

"နို့ မခင်အတွက် သူဝယ်တာ မဟုတ်ဘူးလား"

"ဘယ်က ဟုတ်ရမလဲ။ ဘယ်သူ့အတွက် ဝယ်သလဲမှမသိဘဲ၊ သူ့နှမအတွက် ဖြစ်တော့မပေါ့"

"သြော် ဒီလိုလား။ သူကတော့ မခင်မေအတွက်လိုလို၊ ဘာလိုလိုနဲ့။ တယ်ဟုတ်တဲ့ လူပါလား"

"ဟုတ်တာ ထားလိုက်ပါဦး၊ ဘယ်သူ့အတွက်ပဲ ဝယ်ဝယ်။ ကျွန်မအကြောင်းကို ကိုတို ဘာတွေရှောက်ပြောသလဲ"

"ဘာမှ မပြောရပေါင်ဗျာ၊ မခင်နဲ့ တော်တာသာပြောဘပါ"

"ဘာတော်တာလဲ"

"ဟိုလူလေ"

"အောင်မယ် မလုပ်ပါနဲ့"

"ဘာ မလုပ်ပါနဲ့လဲ။ တစ်တိုင်း တစ်ပြည်လုံး၊ ဒါပဲပြောနေကြတာ"

"သူတို့ဘာသာ သူတို့ ပါးစပ်အားလို့ ပြောတာ၊ ဒီလို ခါးချည့်ပိုးထိုးကောင်မျိုးကိုလား ဒီက"

ဘိုးကွန်း၏ရင်ထဲမှ အလုံးကြီးကျ၍သွားလေ၏။

"ဒါထားလိုက်ပါဦး၊ ကိုတို ပြောတာသာ ကျွန်မသိချင်တယ်"

"သြော် ဒီလိုပါ"

"ရုပ်ကတော့ တော်ပါရဲ့၊ လိမ္မာပါရဲ့၊ ပညာတတ်ပါရဲ့။ အမျိုးလည်းကောင်းပါရဲ့၊ ပြီးတော့ မပြောချင်ပါဘူးဆို"

"အဲလို ဒါဘာဖြစ်သလဲ"

mgyoe.com

mgyoe.com



"အလုပ်များတယ် မမရဲ့။ သူတို့ကို ညှော်ထောက်ခံပြီး ပြောမနေနိုင်တာ ပြောတာ"

"မပလီပါနဲ့၊ စကားမှာ လေပေါက်အမျိုးမျိုးရှိတာ၊ ဟိုလေက ဟိုအဓိပ္ပာယ်၊ ဒီလေက ဒီအဓိပ္ပာယ်"

"ဘယ်လေတွေများဖြစ်ပါလိမ့်ဗျာ"

"ကိုတို လေတွေပေါ့။ ပြောစမ်းပါတော့။ ဘာဖြစ်လို့ မဟုတ်တာတွေပြောချင်ရတာလဲ"

တော့ဆိုသည့် အလုံးကလေး ဘိုးကွန်း၏ နှလုံးကိုသွား၍ ကလိသလိုဖြစ်ကြောင့် ဘိုးကွန်းမှာ အသက်ရှုသောလေသည် တစ်ပိုင်းတစ်စနှင့် ခုလတ်မှာ ရပ်ကာနေလေ၏။

ခင်မေသည် အင်္ဂလိပ်စကားကို ငယ်စဉ်ကပင်ပြော၍လာရာ မြန်မာစကား၏ အလေးအပေါ့ အနှစ်အကာကို ကောင်းစွာသိသူ မဟုတ်ပေ။

"မဟုတ်တာတွေ ပြောတာမဟုတ်ပါဘူး။ အရူးစိတ်ပေါက်သွားတယ်ထင်ပါရဲ့၊ ဟုတ်ကဲ့ သုံးလိုက်တဲ့ လေပေါက်တော့ အဆန်းပဲ"

"ဘာဖြစ်လို့ အဆန်းလုပ်လိုက်တာလဲ"

"မခင်နဲ့ သူနဲ့အကြောင်း ကြားကတည်းကပါပဲ"

ခင်မေသည် ဘိုးကွန်း၏ မျက်နှာကို စိုက်ကာကြည့်ပြီး စဉ်းစားနေလေ၏။

ဘိုးကွန်းသည် မျက်နှာကိုလွှဲကာ "ဟုတ်တယ် မခင်။ ကျုပ်ရူးနေတာတော့ ဟိုတုန်းကတည်းကပဲ။ နောက် ဟိုလူနဲ့ မခင်နှာမည်ကို ပူးတွဲတဲ့သတင်းတွေကို ကြားရတော့ သိပ်ပြီးရူးသွားတယ်"ဟု ခင်မေ၏အားခပေးပုံမျက်နှာ အမူအရာကိုသိသဖြင့် စွန့်ကာပြောလေ၏။

ခင်မေက ဟား... ဟားဟု ရယ်ပြီး "ဘယ်တုန်းကတည်းကလဲ'

mgyoe.com

mgyoe.com



"တိုဟူး ရောင်းတုန်းကတည်းကပေါ့၊ နို့ပေမဲ့ "မတူမတုနဲ့ မမိတဲ့ပန်း မလှမ်း"နဲ့လို့ မိမိကိုယ်ကို ဆုံးမပြီး၊ တူနိုး တန်နိုး မျှော်လင့်ပြီး အလုပ်ကို ကြိုးစားခဲ့တယ်။ အခုအခြေအနေကို ရောက်တာဟာ မခင် ကျေးဇူးပါပဲ။ အင်မတန် အောက်တန်းကျတဲ့ တိုဟူးသည်တစ်ယောက်ကို အခုအခြေအနေရောက်အောင် ဖြစ်စေနိုင်တဲ့ မခင်ရဲ့ ရူပါရုံအစွမ်းဟာ အတိုင်းမသိ ကြီးပါပေတယ်

"နို့ပေမယ့် မခင်က တန်ခိုးအရှိန်အဝါကြီးတဲ့ အရာရှိကြီးတစ်ယောက်ရဲ့သမီးဖြစ်တာမို့ သူဌေးအခေါ်ပင် ခံရစေကာမူ မတူသေးဘူးလို့ အောက်မေ့ပြီး ကြိတ်ရူးနေရတာပါပဲ။ ဟိုသတင်းတွေကို ကြားရတော့ မနေနိုင် မထိုင်နိုင် ချာချာလယ်သွားတာပဲ။ အလုပ်တွေ ဘာတွေတောင် ထိခိုက်လို့ လွန်ခဲ့တဲ့ တစ်လအတွင်းမှာ ငွေသုံးထောင်ကျော် လစ်ဟင်းသွားရပါတယ်

"တချို့ မိန်းမများဟာ ယောကျ်ားတစ်ယောက်ကို အကြီးအကျယ်ဖြစ်မြောက်အောင်လည်း တတ်နိုင်ပါရဲ့။ အကြီးအကျယ် ပျက်အောင်လည်း စာတ်နိုင်တာပါပဲ။ အခုလည်း ရူးရူးနှမ်းနှမ်း စွန့်ပြီးပြောရတာပါ။ မတော်လို့ ဂျူးလွန်စော်ကားရာ ရောက်ရင် အခွင့်လွှတ်ရန် တောင်းပန်ပါတယ်။

"လူတို့ကို မဆိုထားနဲ့ ရဟန်း သံဃာပညာရှိ ပုဂ္ဂိုဟ်များတောင်မှ အခု ဒီတိုဟူးသည် ဖြစ်သလိုဖြစ်ရင် ထင်ရာကို လုပ်တတ်ကြတာပဲ။ သည့်အတွက် အခု မမျိုနိုင်လို့ ပွင့်ထွက်တဲ့ စကားများအတွက် ဖွေယူရင်လည်း ခံရမှာပဲ။ တူတယ် တန်တယ် အထင်နဲ့ စော်ကားတာတော့ မဟုတ်ပါဘူး။ သည်မှာ ဖြစ်နေတာမျိုးရဲ့ အတုံ့အပြန်ကို မျှော်လင့်တဲ့ စိတ်လည်း မထားမရှိပါဘူး မခင်သည်လို ဖြစ်ရသည့်အတွက် သနားဖို့တောင် မလိုပါဘူး။ ရူးပြီးပြောတာများကို ဖွေမယူရင် ငါ့ကို ဖွေမယူဘူးဆို

mgyoe.com

mgyoe.com



တာကလေးနဲ့ပဲ မနည်းကြီး ကျေနပ်သွားရမယ့် လူစားမျိုးပါပဲ’ဟု ဖောင်တိန်ပင်နှင့် ကျောက်စားပွဲကို ရေးခြစ်ရင်းပြောရာ

ခင်မေက “အို…တကယ်ပဲ ရူးဆိုလည်း တကယ်ရူးတာပဲကိုး၊ ဖောင်တိန်ပင် အဖိုးတန်ကြီးရှင် ပျက်ကုန်ပါပြီ၊ အဲဒါမှ ခက်တာပဲ၊ ခင်က ကိုတို ကိုများ ဒီအရာမျိုးနဲ့ ပတ်သက်ပြီး အားပေးတဲ့ အမူအရာကို ပြဖူးလို့လား။ ဩော်… ကိုတို ကိုတို”

“မပြဘူးလို့ ရူးနေရတာပေါ့ မခင်ရယ်။ ဒါထက် စိတ်ဆိုးသလား၊ အခွင့်လွှတ်မလား”

“လွှတ်ပါတယ်ရှင်။ လွှတ်ပါတယ်”ဟု ပြောကာ ငုံ့လျက်ရှိသော ခန့်ညားလှပသော ဦးခေါင်းနှင့် ကွေးလိမ်သော ဆံညွန့်ကလေးများကို ကြည့်လျက်နေလေ၏။ သို့ကြည့်ရင်း သုံးကြိမ်သက်မ ချလိုက်လေ၏။

ခင်မေသည် ဘိုးကွန်း၏ အစွမ်းသတ္တိနှင့် စိတ်နေသဘောထားပုံ၊ ရိုးဖြောင့်တည်ကြည်ပုံတို့ကို သိမြင်သဖြင့် အာရုံပြု၍နေသည်မှာ အတော်ပင် ကြာခဲ့လေ၏။ ဘိုးကွန်းကို သာ၍အလေးအမြတ်ပြုဖွယ်ရာ အချက်တစ်ခုကား ကြီးပွား၍လာမှ ပညာတတ်ဖြစ်ကြောင်းကို သိရသဖြင့် ထိုကဲ့သို့ ပညာတတ်တစ်ယောက် မိမိကိုယ်ကို နှိမ်ချကာ အလုပ်ကိုလုပ်သည်ဟူသော အချက်ဖြစ်လေ၏။

ဘိုးကွန်းမှာကား မပြည့်စုံသော မိမိ၏ပညာကလေးကို ခင်မေအတွက် ပြည့်စုံအောင် ဆည်းပူးရှာကြံခဲ့လေ၏။ ထိုအကြောင်းကို ခင်မေ မသိ။ အစကပင် ပညာတတ်တစ်ယောက်ဖြစ်သည်ဟု မှတ်ထင်၍နေလေ၏။

သို့ပင် ဘိုးကွန်းအပေါ်၌ မေတ္တာစိတ်ကျရောက်သော်လည်း ကျရောက်ကြောင်းကို အရိပ်အမြွက်မျှ မပြသည်ကား ဖြစ်နိုင်ဖို့နည်းလမ်း မရှိသောကြောင့် ဖြစ်လေ၏။

mgyoe.com

mgyoe.com



မိဘဆွေမျိုးများက မင်းစိတ်ဖြစ်ရာ ခင်မေ ကိုယ်တိုင်မှာလည်း မင်းစိတ်မကင်းသည်ဖြစ်၍ မိဘဆွေမျိုး တစ်မျိုးလုံးက အခွင့်ပြုမည် မဟုတ်ကြောင်းကို သိလေ၏။ ထိုပြင်မှ တစ်ပါးလည်း ခင်မေ၏စိတ်သည် လွတ်ကျွတ်သောစိတ်၊ ယောကျ်ားကလေးများကဲ့သို့ နေတတ်သောTom Boy စိတ်မျိုးဖြစ်လေ၏။

ယခုမှာကား အသက်အစိတ်ကျော်ပြီ ဖြစ်သောကြောင့် တစ်ခါတစ်ခါ လည်း သူဌေးကတော်လုပ်ရ ကောင်းမလား တစ်ခါတစ်ခါလည်း မင်းကတော်လုပ်ရလျှင် ကောင်းမလား။ တစ်ခါတစ်ခါလည်း ယခုလို လွတ်လွတ်လပ်လပ်နေလျှင် ကောင်းမလားဟု တွေးစပြုလေ၏။

"မဖြစ်ပါဘူး ကိုတို။ ကျွန်မလို မိန်းမမျိုးဟာ ယောကျ်ားယူဖို့ စိတ်မကူးတဲ့ မိန်းမမျိုးပါ။ ဟိုလိုလူမျိုးတော့ သာဝေးတာပေါ့။ အကျင့်မကောင်းကြောင်း လူပုံက ဖော်ပြထားတာပဲ"

"ဒီလိုလူမျိုးနဲ့များ မခင်မေ မတော်တဆဖြစ်သွားရင် အင်မတန်နှမြောဖို့ကောင်းမှာပဲ"ဟု ဘိုးကွန်းက ပြောလေ၏။ ခင်မေကား ဆိတ်ငြိမ်စွာ နေလေ၏။

ဘိုးကွန်းသည် ထပ်၍ပြောမည်ကြံရာ ကားတစ်စင်းဝင်လာသည့် အသံကို ကြားရသဖြင့် ကြည့်လိုက်ရာ မလှစော၏ ဖခင်ကြီးရောက်လာသည်ကို တွေ့ရသဖြင့် မပြောဘဲ ထိုင်ရာမှထ၍ နှုတ်ဆက်လေ၏။

"သြော်... မောင်ဘိုးကွန်းပါကလား။ မာရဲ့နော် မင်းကို အခုတလော မတွေ့ရပါလား"

"ဟုတ်ကဲ့ဦးရယ်။ အလုပ်ကိစ္စကြောင့် ကျွန်တော်လည်း ဘယ်ကိုမှ မရောက်ဘူး၊ ယနေ့တော့ မရောက်တာကြာလို့"

"ဒါထက် မင်းတို့ဆီမှာ မျက်မှန်များ ထားသလား"

mgyoe.com

mgyoe.com



"မျက်မှန်ရှိပါတယ်။ ဦးနံပါတ်သိရရင် ကျွန်တော် ပို့လိုက်နိုင်ပါတယ်"

"အဖိုးတန်ကြီး လှလှပပကြီးတော့ မတော်ဘူးကွယ့်။ ငွေကိုင်းဖြစ်ဖြစ် သံကိုင်းဖြစ်ဖြစ် ရွှေကိုင်းကလွဲရင် တော်ပါပြီ"

"အဖိုးတော့ ကိစ္စမရှိပါဘူးဦးရယ်"

"အို... ဘယ့်နှယ် ကိစ္စမရှိရမလဲ။ အေးအေး မင်းတို့မောင်နှမ စကားပြောကြဦးမှာပဲ အလုပ်ကလေး ရှိသေးတယ်။ ဘုရားက ရေကန်အတွက်က မပြီးပြတ်သေးဘူး"ဟု ပြောပြီး ကြောင်လိမ်လှေကားဖြင့် အိမ်ပေါ်ကိုတက်၍ သွားလေ၏။

အတန်ငယ်ကြာသောအခါ မလှစော ဆင်း၍လာလေ၏။ ၎င်းတို့ နှစ်ယောက်၏ အမူအရာကို အကဲခတ်သလို အမှတ်မဲ့ကြည့်ပြီး "မောင်ဘိုးကွန်း တော်တော်ကြာပြီလာ"ဟု ပြောကာ ကျောက်စားပွဲသို့ သွား၍ထိုင်လေ၏။

ဘိုးကွန်းသည် များစွာစကားမပြောတော့ပေ။ ခင်မေသာလျှင် ဖတ်၍ပြီးသော မဂ္ဂဇင်းထဲမှ ရယ်ရွှင်ဖွယ် ဝတ္ထုတစ်ပုဒ်အကြောင်းကို ရယ်ရယ်မောမော ပြော၍နေလေ၏။ ဘိုးကွန်းသည် လက်ပတ်နာရီကိုကြည့်ပြီး၊ "သွားဦးမှပဲ၊ ချိန်းထားတဲ့ အလုပ်တစ်ခုရှိသေးတယ်။ ဒါထက် နက်ဖြန်ဂလုပ်မှာ ကားကောင်းတယ်။ ကျွန်တော် လာရမလား"

"မောင့်သဘော"

"မခင်ကော လိုက်မလား"

"မမလိုက်ရင် လိုက်မယ်"

"ကောင်းပြီ။ ဒါထက် မခင်အိမ်မှာနဲ့ ဒီမှာ ဘယ်မှာကများသလဲ"

"အခုတော့ ဒီမှာများနေတာပေါ့။ မေမေနဲ့ မျက်နှာကျောမတဲ့ဘူး၊

mgyoe.com

mgyoe.com



ဟုတ်တယ် မမရဲ့၊ အခု အသက်ကြီးမှ သိပ်ဆူတာပဲ။ ထစ်ခနဲရှိရင်ပြောပြီ၊ ဘယ်နှယ်လဲမသိဘူး ဟုတ်တယ်”

“ဒီမှာလည်း အစ်မတစ်ယောက်ပဲ ရှိတာကိုးကွယ်”ဟု မလှစောကပြောလေ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၇)

ဘိုးကွန်းသည် မလှစောသာလျှင် အားကိုးရှိတော့သည်ဟု အောက်မေ့ကာ မလှစောကိုသာ ချဉ်းကပ်ရလေ၏။ နောက်တစ်နေ့ ခြောက်နာရီပြပွဲအတွက် မလှစောကိုခေါ်ဖို့ ကားကလေးနှင့် သွား၏။ ရောက်သောအခါ ခင်မေကို မတွေ့ရ။ မလှစောတစ်ယောက်တည်း ရှိလေ၏။

မလှစောသည် ဘိုးကွန်းကို မောင်လိုချစ်ခင်၍နေသည်ကား ရှေးအကြောင်း ရေစက်ပဲလား မသိရပေ။ မလှစောသည် ဘိုးကွန်းအတွက် အဘယ်သို့သော အရာကိုမဆို ဆောင်ရွက်၍ပေးဖို့ရန် အသင့်ရှိလေ၏။ မလှစောမှာ မောင်ဖွားမရှိသည်ကား မှန်၏။ မောင်ဖွားမရှိခြင်းကြောင့် ခင်မင်၍နေလေရော့သလား ဟူ၍လည်း တွေးဖွယ်ရာရှိလေ၏။ တစ်ကြောင်းမှာလည်း အစကပင် "မျက်နှာမြင် ချစ်ခင်ပါစေ"ဆိုသည့် ဆုတောင်းနှင့် ပြည့်၍လာသော ဘိုးကွန်းမှာ တိုဟူးကစပြီး ကုမ္ပဏီ တိုက်ဆိုင်ကြီးတစ်ခု၏ ပိုင်ရှင်သူဌေးတစ်ယောက်အဖြစ်သို့ ရောက်ကာ မျက်စိအောက်တွင် ကြီးပွား၍လာသူ ဖြစ်ရကား၊ ဤလို ပုဂ္ဂိုဟ်မျိုးတစ်ယောက်အပေါ်၌ မည်သည့် ရိုးသားသော မိန်းမသည် ကြည်ဖြူခင်မင်သောစိတ်ကို မထားဘဲ နေနိုင်ပါမည်နည်း။

mgyoe.com

mgyoe.com



ဘိုးကွန်းကလည်း ခင်မေအတွက် မလှစောကိုသာ အားကိုးပြု၍နေလေရာ မလှစောကိုတွေ့သည့်အခါ ခင်မေ၏အကြောင်းကို ပြောစပြုလေ၏။ အထက်ထက်ကမူကား မပြောဝံ့ခဲ့ပေ။ ယခုမှာကား ခင်မေကို မိမိအစွမ်းဖြင့် ရဖို့ခက်ကြောင်းကို သိသဖြင့် အားကိုးခြင်း ဖြစ်လေ၏။ ခင်မေ၏စိတ်မှာ အတည်မကျကြောင်းကိုလည်း သိ၏။ ခင်မေ၏ မိဘသဘောတူလျှင် ခင်မေ သဘောတူရမည်။ မလှစောသည် ခင်မေ၏ မိခင်အပေါ်၌ အတော်အတန် သြဇာရှိလိမ့်မည်ဟူ၍လည်း မျှော်လင့်၏။

သို့ဖြစ်လေရာ မနေ့က ခင်မေအား မိမိစွန့်၍ပြောကြောင်း မလှစောအားပြောမည် စိတ်ကူးခိုက်မှာ မလှစောက အစပြုလျက် မနေ့က အစ်မအိပ်ပျော်နေတုန်း မင်းတို့နှစ်ယောက် ဘာပြောနေကြသလဲ မှန်မှန်ပြောဟု မေးလေ၏။

ဘိုးကွန်းသည် ပြောသမျှအကြောင်းကို မြို့အုပ်မှစ၍ မိမိမအောင်မမြင်ကြောင်း အကုန်အစင် ပြော၍ပြလေ၏။ မလှစောသည် ပြုံးလျက်သာနေလေ၏။ စကားပြန်၍ မပြောပေ။

"ယနေ့ သူပေါ်မလာဘူး။ မင်း ဂလုပ်ကိုတော့ နောက်များမှ သွားတာပေါ့ကွယ်"

"ဂလုပ်သွားဖို့ဆိုတာက တခြားမဟုတ်ပါဘူး အစ်မရဲ့ ဒီအကြောင်းပြောပြမလို့ပါပဲ"

"အစ်မ ကျွန်တော့်အကြောင်းကို သိတယ်မဟုတ်လား။ ကျွန်တော့်မှာ ဘာများ ပြောစရာရှိသလဲ။ အစိုးရအမှုထမ်း အရာရှိ၊ ဘီအေ အမ်အေမဟုတ်တာတစ်ခုပါ။ နို့ပေမယ့် ကျွန်တော်နဲ့ဆိုင်တဲ့ အလုပ်မှာ ဘီအေ အမ်အေနဲ့ မခြားပါဘူး အစ်မရယ်။ အရေးအပြောမှစ၍ ကျွန်တော့်မှာ ဆိုစရာမရှိဘူး"

mgyoe.com

mgyoe.com



မလှစောသည် ပြုံးလျက် စဉ်းစား၍နေလေပြီးမှ "အစ်မရိပ်မိပါတယ်။ မင်း သူ့ကို ကြံနေတယ်ဆိုတာသိတာ တော်တော်ကြာပါပြီ။ နို့ပေမယ့် အစ်မ မကူညီနိုင်လို့ အသာနေတာပါ။ သူ့အမေဆိုတာက အစ်မဦးလေးနဲ့ ပတ်သက်လို့ အဒေါ်တော်ရတာ။ အင်မတန် အပေါက်ဆိုးတာ အပြောအဆို ခံရမှာကြောက်တယ်။ မင်းကို အစ်မက မောင်အရင်းလိုချစ်တာပဲ။ အစ်မက နေရာကျစေချင်တာပေါ့။ သူတို့က အိုင်စီအက်လောက်မှ မှန်းတာ အနည်းဆုံး အရေးပိုင်ကတော်လောက် ဖြစ်စေချင်တာ"

"မခင်မေလား ဖြစ်မယ်ဆို ဖြစ်နိုင်တာပေါ့ အစ်မရယ်။ နို့ပေမယ့် မြန်မာ အရာရှိများဟာ ဘယ်လောက်ပင် ကြီးကျယ်စေကာမူ မျက်နှာဖြူနဲ့ တွေ့တော့ အောက်ကျရတာပဲ။"

"ဥပဒေပြု ကောင်စီဥက္ကဋ္ဌကြီးတောင် မျက်နှာဖြူအမတ်များနဲ့ မဆန့်ကျင်ဝံ့ပါဘူး။ ဘုရင်ခံအိမ်တော်မှာ တစ်ခါတစ်ခါ မျက်နှာဖြူ ဘိလပ်သားများသာ ပါဝင်ခဲ့ရတဲ့ ညစာပွဲများလုပ်ပါတယ်။ သည်လိုအခါကျတော့ မြန်မာထဲက ငါးထောင်စားတောင်မပါရပါဘူး။ သည်တော့ကာ ကိုယ့်လူမျိုးအပေါ်မှာသာ အာဏာဂုဏ်ယူပြီး မျက်နှာဖြူနဲ့တွေ့တော့ အလိုက်သင့်ပေါင်းရတဲ့ အစိုးရအလုပ်ဟာ ဘယ်လောက်ကြီးကြီး အနှစ်သာရ မရှိပါဘူး အစ်မရဲ့"

"အခု ကျွန်တော့် အခြေအနေကို အရေးပိုင်အခြေအနေနဲ့လည်း မလဲဘူး။ သုံးထောင်စား အခြေအနေနဲ့လည်း မလဲပါဘူး။ ဘယ်လိုအရာရှိကိုမှလည်း ကျွန်တော် မကျပါဘူး၊ ကျွန်တော့် အလုပ်တစ်လထက်တစ်လ ကြီးပွားဖို့ နှောင် မဖြစ်မှသာ နေမယ်။ မြန်မာပြည်မှာ မြန်မာမီလျံနာ မရှိတာကို မခံချင်လို့ မီလျံနာဖြစ်ဖို့ ကြံနေတာပါ။ မြန်မာ့ဂုဏ်ကိုမြှင့်ဖို့ပါ။

mgyoe.com

mgyoe.com



မြန်မာကို ကမ္ဘာသိစေမယ်ဆိုတဲ့ စကားအတိုင်း ကျွန်တော်ဖြစ်အောင် လုပ်ဖို့ကြံတာပါ၊ အစ်မ ကြည့်သာနေပါ"

"အစ်မတော့ သိပါတယ်။ အစ်မတို့လည်း တစ်မျိုးလုံး အစိုးရဘက်က ချည်းပါပဲ။ အစ်မတော့ ဝါသနာမပါ။ စိတ်ကြီးလည်းမဝင်။ ဂုဏ်လည်းမ ရောက်ဘူး။ ဒါကြောင့် မင်းနဲ့ အခုလို ခင်မင်လာတာမဟုတ်လား"

"ကျွန်တော်တော့ ဘယ်လိုဖြစ်တယ် မပြောတတ်အောင် ရှိတော့တာပဲ။ အစကတည်းက သူတစ်ယောက်ပဲ အခုလည်း သူ မှပဲ၊ ကျွန်တော်ရနိုင်ပါ တယ်။ နို့ပေမယ့် မလိုက်လည်း မလိုက်စားဘူး။ ကျွန်တော်ဟာ အခုထိ စင်စင်ကြယ်ကြယ်ကြီးစစ်တဲ့ လူပျိုပါ။ သူများလိုဆိုရင် ဘာနေနိုင်မလဲ၊ ကျွန်တော်နေတယ်၊ ကျွန်တော်တို့ မြန်မာလူမျိုးမှာ ဒီအရာဌ် စောင့်နိုင်ခဲ ပါတယ်။ အစ်မ မကူညီနိုင်ရင် အစ်မတို့ ဆွေမျိုးထဲမှ သူ့အမေကို နိုင် သူတစ်ယောက်ယောက်တော့ ရှိမှာပါပဲ"

"အေးဟဲ့၊ ရှိတယ်ရှိတယ်။ သူ့မှာ တူမတစ်ယောက်တော့ ရှိတယ်။ အစ်မနဲ့ ခပ်ဆင်ဆင်ပဲ သဘောလည်းကောင်းတယ်။ သည်မိန်းမကြီးကို သူမှနိုင်တာ၊ သူပြီးရင်ပြီးတယ်၊ ဟောဟောလာပြီ အခန့်သင့်ပဲ၊ မင်းကံပဲ၊ နေရာကျချင်လို့ ထင်တယ်"

ကားတစ်စင်း ဝင်၍လာသည်။

"ညည်းတော့ အသက်ရှည်ဦးမယ်။ အခုပဲ ပြောနေတယ်"

"ဘာပြောနေတာလဲ"

"အို ဒီလိုပေါ့အေ။ ဒါထက် ညည်း ဘာကိစ္စလဲ ကမြင်းမ ဖဲရှုံးပြီ" ဟု လွှတ်ခနဲပြောပြီး ဘိုးကွန်းကို ကြည့်လေ၏။

"တော်ပါအေ၊ ဒီကောင်မ၊ ဟိုလာပါဦး၊ ဟိုအနားကို"

"ဘာဖြစ်လာသလဲ"

mgyoe.com

mgyoe.com



"ညည်းပြောတဲ့အတိုင်းပဲ၊ ဖဲတော့မဟုတ်ပါဘူး၊ မြင်းကန်တာပေါ့အေ၊ ငါ့ ငွေနှစ်ရာ ခဏပေးစမ်း"

"ငွေနှစ်ရာ ချက်ချင်းကြီး ဘယ်ကရမှာလဲ၊ ငါ့မှာ ငွေငါးဆယ်တည်း ရှိတယ်။ လက်ကောက်တော့ရှိရဲ့၊ မတော်တဆ အရေးပေါ်လို့ ဝတ်တာ မမြင်ရင် ဖေဖေဆူမှာ၊ ဒါတော့ မပေးဝံ့ဘူး"

"အဲဒါခက်တာဘဲ၊ ဟိုလူကြီးသိရင် ဆူမှာအေ့"

"ဆူမှာ အသိသားနဲ့ ဘာလို့လုပ်ရသလဲ"

"ရမယ်ထင်လို့ လုပ်တာပေါ့အေ။ သေချာပေါက်ရင်တော့ အနည်းဆုံး တစ်သောင်းကျော်၊ ဒါနဲ့ သုံးရာချလိုက်တယ်။ မြင်းက တာအထွက်မှာ နံဘေးကော့ပြီး သေးပေါက်နေတယ်အေ့။ သွားတာပေါ့အေ။ နစ်နာလိုက်တာ လှစောရယ်"

"ဒါတော့ ညည်းအမိုက်၊ မတတ်နိုင်ဘူး။ ငါ့ဆီက ငါးဆယ်ယူချင် ယူသွား တခြားမှာဖြည့်"

"ဘယ်မှာမှ ဖြည့်စရာ မရှိဘူး။ ညည်းမသိဘူးနော်။ ငါ့မှာ ခေါင်းမီး လောင်နေတယ်။ လက်ကောက်ပေးအေ။ ငါ ငှားသွားတယ်ပြော"

"ဒါမှသာဆူမှာ ညည်းကိုဖဲသမားမှန်း ဖေဖေ မသိဘူးထင်သလား။ ဩော်... မယ်ကြွင် မယ်ကြွင် ညည်းအဒေါ်ဆီ သွားပါလား"

"သေတောင်မသွားဘူး၊ ဒါထက် ဟိုဧည့်သည်က ဘယ်ကလဲ မြင်ဖူးသလိုလို"

"ညည်းမသိဘူးလား"

"ဟင့်အင်း"

"ဦးကွန်းလေ၊ ကွန်းကုမ္ပဏီသူဌေးပေါ့"

"ဩော်... ညည်းအသိလား"

mgyoe.com